# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (5-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာဆရာတော်ကြီးနှင့် အဖွဲ့ဝင်များကို ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏အဓိပတိဆရာတော်ကြီးတစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. BourKry အား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ်ရောက်ရှိပြီး နေပြည်တော်ရှိ KMA Hotel ၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏အဓိပတိဆရာတော်ကြီးတစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr.BourKry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များကို ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုအကျိုးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ကြွစွာပူးပေါင်းပါဝင်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားများ ချစ်ကြည်စွာစုပေါင်းနေထိုင်ကြသော နိုင်ငံတော်ဖြစ်သည်။ သို့ရာတွင် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲလျက် နိုင်ငံတော်ကို သိမ်းပိုက်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့သည် မြန်မာတို့၏ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို သွေးခွဲအုပ်ချုပ်မှုဖြင့် စနစ်တကျအစီအစဉ်ရှိရှိဖျက်ဆီးခဲ့လေသည်။ မလွှဲသာ၍ လွတ်လပ်ရေးပေးရတော့မည့်အချိန်ထိပင် တိုင်းရင်းသားများ အချင်းချင်းစိတ်ဝမ်းကွဲနေစေရန် သပ်လျှိုသွေးထိုးမှုပေါင်းစုံလုပ်ဆောင်ခဲ့သည်။

နယ်ချဲ့တို့ မည်သို့ပင်သွေးခွဲစေကာမူ လွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံဒေသ (ပင်လုံမြို့)၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် စိတ်ဆန္ဒသဘောထားတူညီစွာဖြင့် လွတ်လပ်ရေးအတွက် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် ပင်လုံစာချုပ်ဖြစ်ပေါ်ခဲ့သည်။ ထိုစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟု နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုနေ့ရက်မြတ်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများ ကိုလိုနီနယ်ချဲ့စနစ်အောက်မှ လုံးဝလွတ်မြောက်ရန် စည်းလုံးညီညွတ်မှုပြသနိုင်ခဲ့သည့် ရက်မြတ်တစ်ရက်ဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေရန်၊ ရှင်သန်နိုးကြားစေရန်အတွက် နှစ်စဉ် ပြည်ထောင်စုနေ့အမျိုးသားဦးတည်ချက်များကို ချမှတ်ဖော်ဆောင်လေ့ရှိသည်။ ယခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားဦးတည်ချက်များအဖြစ် **(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြိဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။ (၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်းဆောင်ရွက်ရေး။ (၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။ (၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။ (၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေး**ဟူ၍ သတ်မှတ်ထားပါသည်။

ကိုလိုနီနယ်ချဲ့တို့ထံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများစုပေါင်းညီညာစွာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကိုရယူနိုင်ခဲ့သော်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှုအကျိုးဆက်သည် တိုင်းရင်းသားများကြား၌ တင်ကျန်နေဆဲဖြစ်ပြီး ယနေ့ခေတ်တိုင်နိုင်ငံအတွင်း အလုံးစုံမတည်ငြိမ်သေးမှု၊ မငြိမ်းချမ်းသေးမှုများ ဖြစ်ပေါ်နေရသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်နေရဆဲဖြစ်ပါသည်။

မိမိနိုင်ငံတည်ငြိမ်အေးချမ်းမှုသည် နိုင်ငံတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ညှိနှိုင်းအဖြေရှာမှသာ အောင်မြင်မှုရလဒ်ကောင်းထွက်ပေါ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူအားလုံး တမ်းတမ်းတတ လိုချင်တောင့်တနေသော ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွားသွေးချင်းညီအစ်ကိုများအားလုံးက ပြည်ထောင်စုအကျိုးကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ညီညီညွတ်ညွတ် လက်ရည်တစ်ပြင်တည်း တက်ကြွစွာပူးပေါင်းပါဝင်ဖော်ဆောင်နိုင်ပါစေကြောင်း ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြိဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၉၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၉၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၇၉၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် စိုက်ပျိုးဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**မြောင်းမြ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ဇန်နဝါရီလ တတိယပတ်ကစ၍ ထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်း ဖြစ်ကြောင်း၊ အဆိုပါထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းမှာ ပြည်တွင်း ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ဇန်နဝါရီလ တတိယပတ်လောက်ကနေ ဝယ်ယူမှုအားကောင်းနေတာဖြစ်ပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်က ထောပတ်ပဲဖြူတွေ အဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းလာတာပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ ထောပတ်ပဲဖြူသိုလှောင်ထားတဲ့သူတွေ အမြတ် အဆင်ပြေလာပါတယ်"ဟု မြောင်းမြမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ် ကောင်းနေသည့် ထောပတ်ပဲဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ပန့်ပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ပန့်ပုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေ ပြည်သူလူထုကိုယ်တိုင် ကျေးရွာစိတ်ဓာတ်ဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အောင်မြင်မှုအသီးအပွင့်များ စဉ်ဆက်မပြတ် တည်တံ့နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပန့်ပုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၉ ဦးကို ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၉၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၄၁-၄၂ လမ်းကြား၊ ၆၇ လမ်းနေ ဇနီး ဒေါ်အေးမိ အားရည်စူး၍ မကွေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်းမှ ဦးမျိုးညွန့်လင်း(တိုင်းမန်နေဂျာ-ငြိမ်း)က ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ကသာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ပဲတီစိမ်းဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက၂၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၉၂၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၂၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးရာသီမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေနဲ့ ပဲတီစိမ်းအထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ဖို့ကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၅၀၇ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၁၁ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၄၉၅ ဧက စုစုပေါင်း ဧက ၁၉၂၀ တို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၅၃၀၊ အင်းတော်မြို့နယ်တွင် ၄၃၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၂၅ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ဧက ၅၁၀ စုစုပေါင်းဧက ၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပင်လယ်နှမ်း(မိကျောင်းကွမ်းဖတ်)များ ဇန်နဝါရီလအတွင်း ပိဿာချိန်အများအပြားတင်ပို့နိုင်ခဲ့

**ငပုတော ဖေဖော်ဝါရီ ၄**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့သည့် ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်)များ ဇန်နဝါရီလအတွင်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်းက ပင်လယ်နှမ်း(မိကျောင်းကွမ်းဖတ်)ပိဿာချိန် ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်) ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်) တွေကို ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလအတွင်း ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်) ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြည်ပဈေးကွက်က ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်)လုပ်ငန်းက ငပုတောမြို့နယ်ဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေပိုများ လာပါတယ်"ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

အဆိုပါ ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်) တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငပုတောမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါ ငပုတောမြို့နယ်တွင် ပင်လယ်နှမ်း (မိကျောင်းကွမ်းဖတ်) တစ်ဧက စိုက်ပျိုးပါက ပျမ်းမျှအထွက်နှုန်း ၁၈ တင်းမှ ၂၇ တင်းထိ ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အစောကြွမ်းကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံမြို့ဟောင်း မင်းနန်းသူရွာ (ယခု ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာအုပ်စု)ရှိ အစောကြွမ်းဘုရားမုခ်ဂူအတွင်းမှ ပုဂံကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့ရာ အလှူရှင် အစောကြွမ်းကိုအစွဲပြု၍ ထိုကျောက်စာသည် အစောကြွမ်းကျောက်စာဟုထင်ရှားခဲ့သည်။ အစောကြွမ်းကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ ပထမမျက်နှာတွင် စာကြောင်း ၄၉ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်းကိုးကြောင်းပါရှိသည့် အလှူမှတ်တမ်းဖြစ်သည်။

အစောကြွမ်းကျောက်စာတွင် ပုဂံခေတ်ထိုးကျောက်စာများအတိုင်း အလှူရှင်အမည်၊ အလှူပြုလုပ်ခဲ့သည့် ခုနှစ်၊ အလှူပစ္စည်းများ၊ လှူဒါန်းရခြင်းရည်ရွယ်ချက်၊ ဆုတောင်းနှင့် ကျိန်စာများပါရှိသော်လည်း ကျောက်စာရေးထိုးသည့် ခုနှစ်ကို မဖော်ပြထားချေ။ သို့သော် ကျောက်စာတွင်ပါရှိသည့် လယ်နှင့် ကျွန်များကို လှူသည့်အချိန်သည် သက္ကရာဇ် ၆၁၀၊ ပြာသိုလဖြစ်သဖြင့် ကျောက်စာရေးထိုးချိန်သည် သက္ကရာဇ် ၆၁၀ ပြည့်နှစ်ခန့်ဟု ခန့်မှန်းယူဆရသည်။

အစောကြွမ်းကျောက်စာပါ အကြောင်းအရာဖြစ်စဉ်များသည် ပုဂံခေတ်နှောင်းပိုင်းကာလဖြစ်သဖြင့် ၎င်းကျောက်စာသည် ထိုခေတ်ကာလက မြန်မာစာအရေးအသား တိုးတက်ပီပြင်မှုကိုလေ့လာနိုင်သည့် ကျောက်စာတစ်ချပ်ဖြစ်လာခဲ့ပေသည်။

**သမီးတော် အစောကြွမ်း**

အစောကြွမ်းသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသည့် သမီးတော်တစ်ပါးဖြစ်သည်။ ကျောက်စာတွင် ရေးထိုးထားသည့်မှတ်တမ်းအရ အစောကြွမ်း၏ ခမည်းတော်သည် တြိဘဝနပဝရဒိတျဓမ္မရာဇာဘွဲ့ခံ ဇေယျသူမင်းဖြစ်၍ မယ်တော်သည် ဇေယျသူ၏ ပယ်မယားကြီး တြိလောကစန္ဒြနာမ မဟာဒေဝီဘွဲ့ခံ တောင်ပြင်သည်မင်းသမီး သုံးလူ့လဖြစ်သည်။

ကျောက်စာတွင်ရေးထိုးထားသည့် ဇေယျသူဟူသည့် မင်းအမည်ကို ပုဂံမင်းဆက်ဘုရင်များတွင် မတွေ့ရှိရပေ။ သို့သော် ခရစ်နှစ် ၁၁၆၅ ခုနှစ်တွင် ပုဂံထီးနန်းကိုစိုးစံခဲ့သည့် နရပတိစည်သူ(၁၁၆၅-၁၂၁၁)နှင့် ဝေဠုဝတီမိဖုရားတို့က ဖွားမြင်သည့် သားတော်တစ်ပါး၏အမည်သည် ဇေယျသူဖြစ်၍ ဇေယျသူသည် ခမည်းတော်လက်ထက်၌ အမြင့်မြို့နှင့် တလုပ်မြို့ကို စားရသူဖြစ်သည်။

နရပတိစည်သူသည် မိဖုရားခြောက်ပါးရှိသည့်အနက် တောင်ပြင်သည်မိဖုရားနှင့် သားတော်သုံးပါး၊ ဝေဠုဝတီမိဖုရားနှင့် သားတော်တစ်ပါး၊ ဦးဆောက်ပန်းမိဖုရားနှင့် သားတော်၊ သမီးတော်သုံးပါး၊ မိဖုရားစောစနေနှင့် သမီးတော်လေးပါး၊ ဥယျာဉ်သည်သမီးကိုယ်လုပ်တော်မိဖုရားနှင့် သားတော်တစ်ပါး ထွန်းကားခဲ့သည်။ မိဖုရားပန်ရင်နှင့် သားတော်၊ သမီးတော် မထွန်းကားခဲ့ချေ။

နရပတိစည်သူလွန်ချိန်တွင် ပုဂံထီးနန်းကိုသားတော် ဇေယျသိင်္ခ(နားတောင်းများမင်း)က ဆက်ခံခဲ့ရာ ဇေယျသူသည် နရပတိစည်သူမင်း၏ သားတော်ဖြစ်သော်လည်း ထီးနန်းကိုမရခဲ့ပေ။ နရပတိစည်သူမင်းကြီးသည် နတ်ရွာမစံမီ ဇေယျသူ၊ သူရပျံချီ၊ ရာဇသူ၊ ကက်သူနှင့် ဇေယျသိင်္ခဟူသည့် သားတော်ငါးပါးကို ခေါ်ယူ၍ သားတော်များ၏လက်ကို ရင်ဝယ်အပ်ကာ ညီနောင်တစ်စု တစ်စိတ်တစ်ကိုယ်တည်းကဲ့သို့ရှိမှ ဆွေမျိုးဘောင် တောက်ပရသတည်းဟု မှာကြားခဲ့ကြောင်း ခမည်းတော် နရပတိစည်သူ၏အမှာစကားများကို တွင်းသင်းမဟာရာဇဝင်သစ်တွင် ပြည့်စုံစွာဖော်ပြထားသည်။ ထိုသို့မှာကြားရာတွင် သားတော်ငါးပါးကို ကြီးစဉ်အတိုင်း သားတော်တို့ဟု ဖော်ပြထားသဖြင့် ဇေယျသူသည် နရပတိစည်သူမင်းကြီး၏ အကြီးဆုံးသားတော်ဟု ယူဆရမည်ဖြစ်သည်။

ဇေယျသူ၏ညီတော်ဇေယျသိင်္ခ(နားတောင်းများမင်း)သည် ပုဂံဘုရင်ဖြစ်လာချိန်တွင် နောင်တော် လေးယောက်ကို သီတင်းတိုင်း ဖူးမြင်တော်မူ၏။ အခွန်အတုတ်ရသည်ကိုလည်း ငါးဖို့ပြု၍ နောင်တော်တို့နှင့် အစုသင့်ဝေယူတော်မူ၏ဟု မြန်မာရာဇဝင်ကျမ်းများက ဖော်ပြကြသည်။ ထို့ကြောင့် ဇေယျသိင်္ခ (နားတောင်းများမင်း)၏ နောင်တော်ကြီး ဇေယျသူကို သမီးတော် အစောကြွမ်းက မင်းအဖြစ် တင်စားချီးမြှောက်ကာ ကျောက်စာတွင် ဇေယျသူမင်းဟု ရေးထိုးခဲ့ဟန်ရှိကြောင်း ယူဆရပေသည်။ သမီးတော်အစောကြွမ်းသည် မိမိ၏မယ်တော်ကိုလည်း မိဖုရားဟု ဂုဏ်တင်ခဲ့သည်။

**အစောကြွမ်းကျောက်စာ**

အလှူရှင် အစောကြွမ်းမင်းသမီးသည် မိမိအလှူဒါနပြုရခြင်း၏ရည်ရွယ်ချက်ကို သံသရာဆင်းရဲမှလွတ်မြောက်လိုသောကြောင့်လည်းကောင်း၊ အရိမေတ္တယျဘုရားပွင့်တော်မူသည့်အခါ အကျွတ်တရားရလိုသောကြောင်းလည်းကောင်း၊ အနန္တစကြာဝဠာတွင်နေကြသော သတ္တဝါခပ်သိမ်းကိုလည်း မိမိနှင့်အတူ အကျွတ်တရားရစေလိုသောကြောင့်လည်းကောင်း အလှူပြုခြင်းဖြစ်ကြောင်း ကျောက်စာရေးထိုးခဲ့သည်။

အစောကြွမ်းမင်းသမီးသည် လေးမျက်နှာဂူဘုရား၊ ပိဋကတ်၊ ကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ အုတ်တံတိုင်း၊ လယ်နှင့်ကျွန်များကိုလှူဒါန်းကာ ကျောက်စာကျောဘက်မျက်နှာ အောက်ဆုံးစာကြောင်း၌ ရေးထိုးထားသည့် ဆုတောင်းစာတွင် "ဤငါပြုသောကောင်းမှုကို အရေးအရာယူသောသူကား ငါနှင့်ထပ်တူရစေသတည်း"ဟု ဆန္ဒပြုခဲ့သည်။ ထို့အတူ သူ၏အလှူပစ္စည်းများကို ဖျက်ဆီးသူများကို ကျိန်စာဆိုခဲ့သည်။ ထိုကျိန်စာများကို ကျောက်စာကျောဘက်မျက်နှာတွင် စာကြောင်း ရှစ်ကြောင်း ရေးထိုးခဲ့သည်။

အစောကြွမ်းကျောက်စာကျိန်စာတွင် သူပြုခဲ့သည့် ဂူကျောင်း၊ ဘုရားတရားသံဃာ ရတနာသုံးပါးကိုလှူသော ကျွန်၊ လယ်၊ ဥယျာဉ်မိုးမြေတို့ကို ဖျက်ဆီးသူ၊ ရုပ်သိမ်းသူ၊ သယ်ယူသူ စသည်တို့သည် ယခုလူ့ဘဝတွင် စိတ်ချမ်းသာမှုမရရှိဘဲ စိုးရိမ်ကြောင့်ကြလျက် သေပါစေ၊ ထိုမှတစ်ပါး ဘုရားအဆူဆူကို မဖူးရပါစေနှင့်၊ ထို့အတူ စကြာဝဠာတစ်သောင်းတွင် လူမဖြစ်ပါစေနှင့်၊ ထိုစကြာဝဠာမှတစ်ပါးသော စကြာဝဠာတွင်လူဖြစ်လျှင် ပင် လူကောင်းမဖြစ်ပါစေနှင့်၊ အစာရေစာကောင်းစွာ မစားသောက်ရသဖြင့် ခွေး၊ ဝက်တိရစ္ဆာန်ကဲ့သို့ဖြစ်ပါစေ၊ နောင်တွင်ပွင့်တော်မူမည့် ဘုရားရှင်တို့ချွတ်လည်း မကျွတ်ပါစေနှင့်၊ အကြင်သူယုတ်သည် မြေကမ္ဘာကားအထက်၊ အောက်အဝီစိသို့ ကျပါစေဟု ကျိန်ဆိုခဲ့သည်။

အစောကြွမ်းကျောက်စာ၏ ထူးခြားချက်သည် ကျောက်စာအစ၌ ကျောက်စာရေးထိုးသည့် ခုနှစ်ကို ဖော်ပြထားခြင်းမရှိသကဲ့သို့ နမောတဿဘဂဝတော စသည်ဖြင့် ဘုရားရှိခိုးတစ်ခုခုဖြင့် အစပြုထားခြင်းလည်းမရှိချေ။ သို့သော် တင့်တယ်ခြင်း၊ အသရေရှိခြင်း၊ ပြည့်စုံခြင်းဟု အဓိပ္ပာယ်ရှိသည့် ဂြီဟူသည့် စကားလုံးဖြင့် ကျောက်စာကို စတင်ရေးထိုးပြီးမှ ကျောက်စာကြောင်းရေ (၁) နှင့် (၂) တွင် မိမိမည်သူဖြစ်ကြောင်းဖော်ပြပြီး အလှူပြုသည့် ရည်ရွယ်ချက်ကို စာကြောင်းရေ (၂) မှ (၅) အထိ ရေးထိုးခဲ့သည်။

စာကြောင်းရေ (၉)နှင့် (၁၀)တွင် အလှူပြုခဲ့သည့် ကာလကို သက္ကရာဇ် ၆၁၀ ခု၊ ဖဿနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၌ ရေစင်သွန်းကြောင်းဖော်ပြပြီးမှ အလှူပစ္စည်းတစ်ခုစီကို စာကြောင်းရေ ၃၁ ထိ ရေးထိုးခဲ့သည်။ အစောကြွမ်းကျောက်စာ၏ ထူးခြားချက်တစ်ခုမှာ အလှူပြုရာတွင်ကုန်ကျခဲ့သည့် ငွေနှင့်ပစ္စည်းများကို ရေးထိုးမှတ်တမ်းပြုထားခြင်းဖြစ်ပေသည်။

အစောကြွမ်းမင်းသမီးသည် ပုဂံခေတ် လှူဒါန်းမှုပြုသည့် အစဉ်အလာအတိုင်း ဘုရားတည်၊ ကျောင်းဆောက်၊ ကျွန်လှူခြင်းများဖြစ်သော်လည်း စလစ်ကျောင်းကိုတည်ဆောက်ပြီးနောက် မိမိအလှူကို အားမရသေးဘဲ ကုလားကျောင်းကြီးကို တည်ဆောက်ခဲ့ကြောင်း ဖတ်ရှုရပေသည်။

**❖ ကျောက်စာတွင်ရေးထိုးထားသည့် အစောကြွမ်း၏ခမည်းတော် ဇေယျသူ၏ဘွဲ့အမည် တြိဘဝနပဝရဒိတျ ဓမ္မရာဇာသည် သုံးလောကတွင် နေကဲ့သို့ဘုန်းတန်ခိုးထွန်းတောက်၍ ရဲရင့်အောင်မြင်သောတရားမင်းဟုဆိုလိုသည်ကား ဘွဲ့အမည်နာမကို ပြည့်စုံမှန်ကန်စွာရေးထိုးထားသည်။ ထို့အတူ မယ်တော်၏ဘွဲ့အမည် တြိလောကစန္ဒြနာမ မဟာဒေဝီကို သုံးလောက၏လစန္ဒာအမည်ရှိသည့် မိဖုရားကြီးဟူသည့်အဓိပ္ပာယ်ဖြင့်ရေးထိုးခဲ့သည်။ တောင်နန်းစံမိဖုရားဟူသည့် အဓိပ္ပာယ်ဖြင့် တောင်ဖွင့်သည်(တောင်ပြင်သည်)ဟုလည်း ဖော်ပြခဲ့သည်။ ❖**

စလစ်ကျောင်းသည် မွန်အသုံးစွဲစ်(စုလစ်)ဖြစ်ကြောင်း အဝေးသင်တက္ကသိုလ် ဘာသာစကားပို့ချချက်တွင် အဓိပ္ပာယ်ရှင်းလင်းထားသည်။ စုလစ်သည် အချွန်အထွတ်၊ အဆောက်အအုံများတွင် တန်ဆာဆင်သည့် အချွန်အတက်များဖြစ်ကာ စလစ်ကျောင်းသည် အချွန်အတက်များဖြင့် တန်ဆာဆင်ထားသည့် ကျောင်းအဆောက်အအုံဟု ဆိုလိုသည်။

ကုလားကျောင်းသည် အုတ်ကျောင်းကိုဆိုလိုခြင်းဖြစ်သည်။ အုတ်ဖုတ်၍ အုတ်တိုက်စသည့် အဆောက်အအုံများတည်ဆောက်သည့်ယဉ်ကျေးမှုသည် အိန္ဒိယမှလာသဖြင့်လည်းကောင်း၊ ထိုအဆောက်အအုံများကို အိန္ဒိယတိုင်းရင်းသားများက တည်ဆောက်ခဲ့သဖြင့်လည်းကောင်း၊ ပုဂံရှိစေတီတည်ထားသည့် အောက်ခံအုတ်တိုက်အဆောက်အအုံများကို ကုလားကျောင်းဟု ခေါ်ဆိုခဲ့ဟန်ရှိကြောင်း ပညာရှင်များက ပို့ချခဲ့သည်။

မိမိ၏အလှူပစ္စည်းများ ကာလရှည်ကြာစွာ တည်တံ့စေရန် မိမိမရှိချိန်တွင် မိမိ၏သားနှစ်ယောက်က ဆက်လက်တာဝန်ထမ်းဆောင်ကြရန် မှာကြားခဲ့ခြင်းသည် အလှူရှင်၏ အမြော်အမြင်ကြီးမားမှု အထောက်အထားတစ်ရပ်ပင်ဖြစ်ပေသည်။

**အစောကြွမ်း၏ အလှူပစ္စည်းများ**

အလှူရှင် အစောကြွမ်းမင်းသမီးသည် သူ၏ လေးမျက်နှာဂူဘုရား၊ ပိဋကတ်၊ ကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ အုတ်တံတိုင်းလှူဒါန်းမှုကို ကျောက်စာတွင် စာကြောင်းရေ (၅) မှ (၇)အထိ ရေးထိုးခဲ့သည်။ လယ်နှင့် ကျွန်လှူဒါန်းမှုတစ်ခုစီကိုမူ စာကြောင်းရေ(၁၀)မှ (၃၁) အထိ ရေးထိုးခဲ့သည်။ လယ်များကိုလှူသည့်နေရာများကို ကျောက်ဆည်ကြီး လယ် ၈၀၊ ကျွန် ၁၆၈ ယောက်၊ ကျောက်ဆည်ငယ်လယ် ၃၃၀၊ ကျွန် ၁၉၅ ယောက်စသည်ဖြင့် အသေးစိတ်ဖော်ပြခဲ့ရာ ကျွန်ပေါင်း ၃၂၆၅ ယောက်နှင့် လယ်မြေအများအပြားဖြစ်သည်။ ဆက်လက်၍ ဘုရားတည်၊ ကျောင်းဆောက်ရာတွင် ကုန်ကျခဲ့သည့်စရိတ်အဝဝကို မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းတွင် ငွေကြေးကဲ့သို့တန်ဖိုးသင့်နိုင်သည့် ရွှေ၊ ငွေ၊ ကြေး၊ ပြဒါး၊ ပုဆိုး၊ စပါး၊ ကွမ်းသီး၊ ငရုတ်၊ ဆား စသည်တို့ကိုတည်ဆောက်လှူဒါန်းခဲ့သည့် အဆောက်အအုံတစ်ခုချင်းအလိုက် ကုန်ကျမှုကို စေ့စပ်စွာဖော်ပြခဲ့ပေသည်။ ၎င်းတို့သည် ပုဂံခေတ်က ငွေကြေးနှင့် တန်ဖိုးသင့်ကာ ဖလှယ်နိုင်သည့် ပစ္စည်းများဟု ယူဆရပေသည်။

**ကျောက်စာအရေးအသား**

အစောကြွမ်းကျောက်စာကိုရေးထိုးချိန်သည် ပုဂံခေတ်နှောင်းပိုင်းကာလဖြစ်သဖြင့် ကျောက်စာအရေးအသားသည် အစီအစဉ်ကျ၍ အဆက်အစပ်မိမိဖော်ပြနိုင်ပြီဖြစ်သည်။ ဝါကျများကို ရေးသားရာတွင် ဖြစ်စဉ်ကိုပြရာတွင် ဝါကျရှည်များကို အသုံးပြုထားကြောင်း စာကြောင်းရေ (၁)မှ (၅)အထိ တွေ့ရှိရကာ သရုပ်ကို ဖော်ပြရာတွင် ဝါကျတိုများကို အသုံးပြုထားကြောင်း စာကြောင်းရေ (၅) မှ (၇ ) အထိ တွေ့ရှိနိုင်သည်။

ကျောက်စာတွင် ရေးထိုးထားသည့် အစောကြွမ်း၏ခမည်းတော် ဇေယျသူ၏ဘွဲ့အမည် တြိဘဝနပဝရဒိတျ ဓမ္မရာဇာသည် သုံးလောကတွင် နေကဲ့သို့ဘုန်းတန်ခိုးထွန်းတောက်၍ ရဲရင့်အောင်မြင်သော တရားမင်းဟု ဆိုလိုသည်ကား ဘွဲ့အမည်နာမကို ပြည့်စုံမှန်ကန်စွာရေးထိုးထားသည်။ ထို့အတူ မယ်တော်၏ ဘွဲ့အမည် တြိလောက စန္ဒြနာမ မဟာဒေဝီကို သုံးလောက၏ လစန္ဒာအမည်ရှိသည့် မိဖုရားကြီးဟူသည့် အဓိပ္ပာယ်ဖြင့် ရေးထိုးခဲ့သည်။ တောင်နန်းစံမိဖုရားဟူသည့်အဓိပ္ပာယ်ဖြင့်တောင်ဖွင့်သည်(တောင်ပြင်သည်)ဟုလည်း ဖော်ပြခဲ့သည်။

ကျောက်စာအရေးအသားသည် ပုဂံခေတ်နှောင်းအရေးအသားဖြစ်သော်လည်း ပုဂံခေတ်ဦးပိုင်းက ရေးဟန်တစ်ခုဖြစ်သည့် နောက်ဆက်စကားလုံး "ရကား"ကို သံသရာဆင်းရဲမှလွတ်ချင်ရကား၊ မေတ္တမည်သော ဘုရားသခင်ထံတော်၌ မျက်မှောက်ကကာ်ကျွတ်ချင်ရကား စသဖြင့်တွေ့ရှိရသည်။ (ကကာ်ကို မျက်မှောက်၊ ထင်ထင်ရှားရှားဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။)

ကျောက်စာ စာကြောင်းရေ (၄)နှင့် (၅)တွင် သဗ္ဗသတ္တာ ခပ်သိမ်းသောကို ကျွတ်ပါစေချင်သောကြောင့်ရကားဟုရေးထိုးထားခြင်းသည် အကြောင်းပြနောက်ဆက်သောကြောင့်နှင့်ရကားကို တွဲ၍သုံးထားခြင်းဖြစ်သည်။

ပုဂံခေတ်ဦးပိုင်းအသုံးဖြစ်သည့် ရေသွန်း၏ဟူသည့် စကားလုံးအစား ရေစင်တော်ချဟုလည်းကောင်း၊ မျက်မှောက်ခေတ်သုံး လယ်ယာမိုးမြေနှင့်ဆင်တူသည့်စကားလုံးအစား ဥယျာဉ်မိုးမြေဟုလည်းကောင်း လှပစွာသုံးစွဲနိုင်ခဲ့သည်။

ထို့ပြင် ကျစ်လျစ်သော စကားလုံးများဖြစ်သည့် ကုလာကျွောင်ဦ(ကျောင်းဦး၌ဆက်သွယ်ဆောက်လုပ်ထားသည့် အဆောင်ငယ်)၊ တြျာဤမ်(တရားအိမ်)၊ သာဆက်မွိယ်ဆက်(သား၊ဆက်မြေးဆက်)၊ အသက်ဟိယ်သယှီယ် (အသက်ရှည်သရွေ့)၊ ထိုဝ်မြိုဝ်(ထိုမှ့ ထိုမှတစ်ပါး)စသည်တို့ကို သင့်လျော်သလို အသုံးပြုနိုင်ပြီဖြစ်ကြောင်းတွေ့ရှိရသည်။

ထို့ကြောင့် အစောကြွမ်းကျောက်စာသည် ပုဂံခေတ်နှောင်းပိုင်း သာသနာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့်ရေးထိုးထားပြီး ပီပြင်သောမြန်မာစာအရေးအသား၊ စကားအသုံးအနှုန်းတို့ကို လေ့လာနိုင်သည့် ကျောက်စာတစ်ချပ်အဖြစ်ထင်ရှားခဲ့သည်။ ထို့ကြောင့် အစောကြွမ်းကျောက်စာကို တက္ကသိုလ်များတွင် မြန်မာစာအထူးပြု တတိယနှစ်သင်တန်းတွင် ပို့ချရန်ဘာသာစကားသင်ရိုးတစ်ခုအဖြစ် ပြဋ္ဌာန်းထားပေသည်။

**ကိုးကား**

**- အစောကြွမ်းကျောက်စာ**

**- တွင်းသင်းမဟာရာဇဝင်သစ်(ဦးထွန်းညို)**

**- ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**

**- မ ၃၁၀၃ ပို့ချချက်(ရန်ကုန်အဝေးသင်တက္ကသိုလ်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ၁၈၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ပွင့်ဖြူ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲစင်းငုံ ၁၈၆၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၅၉၁၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံစိုက်ခင်းများကို ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ပဲစင်းငုံ ၁၈၆၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်အတွင်း ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ၁၈၆၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ပဲစင်းငုံတစ်ဧကကို ၁၀ ဒသမ ၈ တင်းလောက် ထွက်ရှိပါတယ်။ လက်ရှိမှာ ရိတ်သိမ်းပြီးစီးတဲ့ ပဲစင်းငုံတွေကို စနစ်တကျ သိမ်းဆည်းဖို့နဲ့ ကျန်ရှိတဲ့ပဲစင်းငုံစိုက်ခင်းတွေကိုလဲ အချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့ ပညာပေးတာတွေဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံစိုက်တောင်သူများကို အထွက်နှုန်းတိုးတက်စေရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲစင်းငုံသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် ပဲစင်းငုံသီးနှံများကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မိုင်းဖြတ် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ) ကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၂၃ ဒသမ ၄ သန်းဖြင့် ရွှေကန်ညီအစ်ကိုကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လစတုတ္ထပတ်က တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ပြောပြ၍ သိရသည်။

ဇင်မာ

## ပြည်ထောင်စုနေ့ မမေ့စေချင်

\- ပြည်ထောင်စုနေ့
ညီနောင်ထု မမေ့စေချင်၊
တို့နိုင်ငံတိုင်းတစ်ပါးအောက်
ကျရောက်သည့်အချိန်မှာ
လွတ်လပ်စွာနေနိုင်မှု
ရှေးရှုကာပင်၊
ရခိုင် ကယား ရှမ်း မွန် ကရင်
ကချင် ဗမာ ချင်းတိုင်းရင်းသား
အစဉ်အလာမယွင်း ရိုင်းပင်းအားဖြင့်
ကြိုးစားပါ၍ တို့ပြည်တစ်ခွင်
မချို့စည်ပင်သာစေရေး၊
ရေမြေဒေသ ဝါဒအယူ
အခြေအနေတွေက ကွာကြမတူညီပါစေ
ဖြစ်တည်တာတွေ ခဝါချ
ချစ်ကြည်စွာလေ ထာဝရ
ပေါင်းစည်းကြပြီး နယ်ချဲ့ရန်
တွန်းလှန်ကာ အောင်မြင်ခြင်း
ဆောင်ကြဉ်းလို့လေး။ ။

မနော်သစ်(ပခုက္ကူ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာသတင်းများ

# ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် အီရှီဘာ သွားရောက်နိုင်

**တိုကျို ဖေဖော်ဝါရီ ၄**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံသို့သွားရောက်၍ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အခြေအနေ ပေးခဲ့ပါက ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်ထိ အမေရိကန်နိုင်ငံသို့သွားရောက်၍ သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ် ယာရှီမာဆာဟာယာရှီက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါဆွေးနွေးပွဲသည် ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်တို့၏ ပထမဆုံး လူချင်းတွေ့ဆုံဆွေးနွေးပွဲ ဖြစ်လာလိမ့်မည် ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဒေါ်နယ်ထရန့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံချိန်တွင် ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် ဂျပန်-အမေရိကန်နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အဓိကအကျဆုံးအာရှမဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



# အီရန်အတွက် သူလျှိုလုပ်ပေးခဲ့သည့် တပ်ဖွဲ့ဝင်ကို ဗြိတိန်တရားသူကြီးများ ထောင်ဒဏ်ချမှတ်

**လန်ဒန် ဖေဖော်ဝါရီ ၄**

အီရန်နိုင်ငံအတွက် သူလျှိုလုပ်ပေးခဲ့ပြီး လန်ဒန်အကျဉ်းထောင်တစ်ခုမှ သုံးရက်ကြာထွက်ပြေးလွတ်မြောက်ခဲ့ဖူးသော ဗြိတိန်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးကို လန်ဒန်တရားရုံးတစ်ရုံးက ဖေဖော်ဝါရီ ၃ ရက်တွင်ထောင်ဒဏ် ၁၄ နှစ်ကျော် ချမှတ်ခဲ့ကြောင်း သိရသည်။

ဒန်နီယယ်ခါလစ် အမည်ရှိ အသက် ၂၃ နှစ်အရွယ် အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်ဟောင်းကို အစိုးရလျှို့ဝှက်ချက် အက်ဥပဒေနှင့် အကြမ်းဖက်ဝါဒအက်ဥပဒေ ချိုးဖောက်မှုများဖြင့် ဗြိတိန်အစိုးရ ရှေ့နေများက ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ဒန်နီယယ်ခါလစ်သည် ဗြိတိန်အစိုးရ၏ ထိပ်တန်းလျှို့ဝှက်မှတ်တမ်းမှတ်ရာများကို အီရန်သို့ ပေးပို့ခဲ့ကြောင်း ဗြိတိန်အစိုးရရှေ့နေများက စွပ်စွဲထားသည်။

ဗြိတိန်မီဒီယာများ၏ အဆိုအရ ဒန်နီယယ်ခါလစ်ကို လန်ဒန်ဝိုးလ်ဝစ်ချ်ကရောင်း တရားရုံးက ဖေဖော်ဝါရီ ၃ ရက်တွင် ထောင်ဒဏ် ၁၄ နှစ်ကျော် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဒန်နီယယ်ခါလစ်သည် ၂၀၂၃ ခုနှစ်အတွင်း လန်ဒန်မြို့ရှိ ဝင်းစဝ့်ပ် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ရာ ၎င်း၏သူလျှိုမှုကို အများက စိတ်ဝင်စားလာခဲ့ကြသည်။

ဝင်းစဝ့်ပ် အကျဉ်းထောင်မှ ထွက်ပြေး လွတ်မြောက်ခဲ့ပြီး သုံးရက်အကြာတွင် ဒန်နီယယ်ခါလစ်ကို ရဲတပ်ဖွဲ့က ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရွေးကောက်ပွဲမတိုင်မီ နယ်စပ်အဝင်အထွက်ပိတ်ထားရန် အီကွေဒေါစီစဉ်




**ကွီတို ဖေဖော်ဝါရီ ၄**

ယခုရက်သတ္တပတ် ကာလအတွင်း နယ်စပ်အဝင်အထွက်များပိတ်ထားရန်နှင့် နယ်စပ်လုံခြုံရေးမြှင့်တင်ထားရန် အီကွေဒေါအစိုးရက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အထွေထွေ ရွေးကောက်ပွဲမကျင်းပမီ နယ်စပ်အဝင်အထွက်များကို ပိတ်ထားရန် အီကွေဒေါအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

လာမည့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ၁၀ ရက်ထိ အီကွေဒေါနယ်စပ်တစ်လျှောက် အဝင်အထွက်များကို ပိတ်ထားမည်ဖြစ်ကြောင်း အီကွေဒေါသမ္မတ ဒန်နီယယ်နိုဘိုဝါ လူမှုမီဒီယာ စာမျက်နှာပေါ်၌ ကြေညာထားသည်။

ပြည်တွင်းရေး မတည်မငြိမ်ဖြစ်စေရန် လက်နက်ကိုင်အုပ်စုများက ကြိုးစားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ယခုရက်သတ္တပတ်ကုန်ကာလအတွင်းနယ်စပ်များပိတ်ထားရန်စီစဉ်ထားခြင်းဖြစ်ကြောင်း အီကွေဒေါသမ္မတ၏ကြေညာချက်တွင် ဖော်ပြထားသည်။

အလားတူ နိုင်ငံနယ်စပ်တစ်လျှောက်နှင့် ဆိပ်ကမ်းများတွင်လည်း လုံခြုံရေးမြှင့်တင်ရန် တပ်မတော်ကို ညွှန်ကြားထားကြောင်း အီကွေဒေါသမ္မတက ပြောကြားထားသည်။

အီကွေဒေါနိုင်ငံသည် ဖေဖော်ဝါရီ ၉ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားပြီး ယင်းရွေးကောက်ပွဲ၌ သမ္မတရာထူးအတွက် ယှဉ်ပြိုင်မည့် သမ္မတလောင်းများထဲတွင် လက်ရှိသမ္မတနိုဘိုဝါလည်း ပါဝင်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အမေရိကန်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မည့်အစီအစဉ် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနကြေညာ

**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ်ပို့ကုန်များအပေါ်အခွန်စည်းကြပ်မှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက အမေရိကန်ပို့ကုန်အချို့အပေါ် တန်ပြန်အခွန်စည်းကြပ်မှုများပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

သမ္မတသစ် ဒေါ်နယ်ထရန့် ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့သစ်သည် တရုတ်ပို့ကုန်များအပေါ် ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် ကြေညာထားရာ ယင်း အခွန်စည်းကျပ်မှုစည်းမျဉ်းမှာ ယနေ့တွင် စတင်အာဏာသက်ဝင်ခဲ့သည်။

အမေရိကန်အစိုးရ၏ အဆိုပါ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပို့ကုန်အချို့ကိုလည်း အခွန်စည်းကြပ်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်မှာပင် ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ ကြေညာချက်အရ တရုတ်နိုင်ငံသည် အမေရိကန်ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ရည်ပို့ကုန်များအပေါ် ၁၅ ရာခိုင်နှုန်းနှင့် အခွန်စည်းကြပ်မည်ဖြစ်ပြီး ရေနံစိမ်း၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်ပို့ကုန်များအပေါ် ၁၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မည်ဖြစ်သည်။

အမေရိကန်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုစည်းမျဉ်းသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

နှစ်နိုင်ငံကုန်သွယ်ရေးပြဿနာများနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်ထရန့်အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ယခုရက်သတ္တပတ်အတွင်း ဖုန်းခေါ်ဆိုဆွေးနွေးရန် စီစဉ်ထားကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO



# တရုတ်ခရီးသွားဧည့်သည်များကို လေဆိပ်၌ငွေညှစ်မှု အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများ ထုတ်ပယ်ခံရ

**ဂျကာတာ ဖေဖော်ဝါရီ ၄**

တရုတ်ခရီးသွား ဧည့်သည်များကို ပစ်မှတ်ထားငွေညှစ်မှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များပေါ်ထွက်လာပြီးနောက် အင်ဒိုနီးရှားအစိုးရက လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ထမ်း ၃၀ ကို ရာထူးမှဖယ်ရှားခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ တရားဝင်တိုင်ကြားချက်ရရှိခဲ့ပြီးနောက် အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဂျကာတာမြို့ဆိုကာနို-ဟက်တာ လေဆိပ်၌ တာဝန်ကျနေသော ဝန်ထမ်း ၃၀ ကို ရာထူးများမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်သံရုံး၏တိုင်ကြားချက်အရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီနှင့် ၂၀၂၅ ခုနှစ်ဇန်နဝါရီလကြားကာလအတွင်း ဆိုကာနို - ဟက်တာ လေဆိပ်၌ တရုတ်ခရီးသည်များ ငွေညှစ်ခံရမှုအနည်းဆုံး ၄၄ မှုထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဆိုကာနို-ဟက်တာလေဆိပ်၌ ငွေညှစ်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားအသိပေးခြင်းမရှိခဲ့သော တရုတ်ခရီးသည်အများအပြားလည်း ရှိနေနိုင်ကြောင်း တရုတ်သံရုံးတိုင်ကြားစာ၌ ဖော်ပြထားသည်။

တရုတ်ခရီးသည်များ ငွေညှစ်ခံရမှုဖြစ်စဉ်များနှင့် ပတ်သက်၍ တရားဝင်တိုင်တန်းစာကို တရုတ်သံရုံးက ဇန်နဝါရီ ၂၁ ရက်တွင် အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနသည် သမ္မတပရာဘိုဝိုဆူဘီယန်တို အာဏာရရှိခဲ့ပြီးနောက် ဖွဲ့စည်းခဲ့သောဝန်ကြီးဌာနဖြစ်သည်။

ယခင်က လူဝင်မှုကြီးကြပ်ရေးသည် အင်ဒိုနီးရှား တရားရေးဝန်ကြီးဌာန၏လက်အောက်ခံဌာနတစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယအာကာသအေဂျင်စီက လွှတ်တင်ထားသော တည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုတစ်စင်း ကြားခံပတ်လမ်းပေါ်တွင် သောင်တင်နေ



**နယူးဒေလီ ဖေဖော်ဝါရီ ၄**

အိန္ဒိယ အာကာသအေဂျင်စီက လွှတ်တင်ထားသော တည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုတစ်စင်းသည် ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ကြောင့် သတ်မှတ်ပတ်လမ်းပေါ်သို့ မတက်ရောက်နိုင်ဘဲ ကြားခံပတ်လမ်းပေါ်တွင် သောင်တင်နေကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အိန္ဒိယအာကာသအေဂျင်စီသည် NVS-02 အမည်ရှိအဆိုပါ ဂြိုဟ်တုကို ၂၀၂၅ ခုနှစ်၏ ပထမဆုံးမစ်ရှင်အဖြစ် ဖေဖော်ဝါရီ ၂ ရက်က GSLV ဒုံးပျံဖြင့် ဆာတစ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ပြီး ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

NVS-02 ဂြိုဟ်တုသည် ၎င်းကြားခံပတ်လမ်းပေါ်မှ တစ်ဆင့် ကမ္ဘာမြေ၏အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ဒုံးကန်အားစနစ်အကူအညီဖြင့် ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။

သို့ရာတွင် ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ကြောင့် လက်ရှိအချိန်တွင် NVS-02 ဂြိုဟ်တုသည် ၎င်းနေရာယူရမည့်ပတ်လမ်းဆီသို့ တက်ရောက်နိုင်မှုမရှိဘဲ ကြားခံပတ်လမ်းပေါ်တွင်သာ ရှိနေသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယအာကာသ အေဂျင်စီအနေဖြင့် NVS-02 ဂြိုဟ်တုကို အရွယ်အစားသေးငယ်သော အမြင့်ပေထိန်းဒုံးကန်အားစနစ်ဖြင့် သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ရေးအတွက် ကြိုးပမ်းရန် သို့မဟုတ် လေထုပွတ်ဆွဲအားကြောင့် ၎င်းဂြိုဟ်တုပတ်လမ်းမှ လွင့်ထွက်လာမည့်အရေးကို တားဆီးရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

NVS-02 ဂြိုဟ်တုမှာ ဒုံးကန်အားစနစ်မှတစ်ပါး အခြေအနေအားလုံးကောင်းမွန်နေပြီး လက်ရှိတွင် ကြားခံပတ်လမ်းပေါ်၌သာ ရှိနေသေးကြောင်း အိန္ဒိယအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

**Ref : Russia Today**

**Trs : KKO**

## လကမ္ဘာ၏အခြားဘက်ခြမ်း၌ တွန့်ခေါက်တောင်ရိုးသစ်ပေါင်း ၂၂၆ ခုကို ရှာဖွေတွေ့ရှိ


**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

လကမ္ဘာ၏အခြားဘက်ခြမ်း၌ တွန့်ခေါက်တောင်ရိုးသစ်ပေါင်း ၂၂၆ ခုကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ တွန့်ခေါက်တောင်ရိုးသစ်များသည် လကမ္ဘာပေါ်၌ ဘူမိလှုပ်ရှားမှုများ မကြာသေးမီကမှ ဖြစ်ပွားခဲ့မှုကို ပြသနေသော အထောက်အထားများ ဖြစ်ကြကြောင်း အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာ အခြားဘက်ခြမ်း မီးတောင်လွင်ပြင်တစ်ခု၌ တည်ရှိသည့် တွန့်ခေါက်တောင်ရိုးသစ်များသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၆၀ အတွင်း ပေါ်ထွက်လာသည့် လကမ္ဘာဘူမိလက္ခဏာသစ်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းတွန့်ခေါက်တောင်ရိုးသစ်များပေါ်ထွက်ခဲ့သော မီးတောင်လွင်ပြင်ဒေသသည် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၂ ဘီလီယံနှင့် ၃ ဒသမ ၆ ဘီလီယံ ကြားတွင် မီးတောင်လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာခဲ့ရသော မီးတောင်နယ်မြေဖြစ်သည်။



သို့ရာတွင် လကမ္ဘာ၏အတွင်းပိုင်း၌ ပို၍အေးမြလာသည်နှင့်အမျှ မီးတောင်လှုပ်ရှားမှုများ နည်းပါးလာပြီး လသည်လည်း ကျုံ့ဝင်လာမှုကြောင့် တွန့်ခေါက်တောင်ရိုးသစ်များ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာ အခြားဘက်ခြမ်းရှိ တွန့်ခေါက် တောင်ရိုးသစ်များသည် အရှည် မိုင်ရာပေါင်းများစွာ ရှည်လျားပြီး အမြင့်ပေ ရာပေါင်းများစွာရှိရာ ပြင်းထန်သည့် ဘူမိဖိအားတစ်ရပ် ပေါ်ပေါက်ခဲ့ပုံကို သက်သေပြနေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## New Shepard ဒုံးပျံယာဉ်လွှတ်တင်ရန် ဘလူးအော်ရီဂျင်ကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံယာဉ်ကို ဖေဖော်ဝါရီ ၅ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် NS-29 အမည်ရှိမစ်ရှင်ဖြင့် New Shepard ဒုံးပျံယာဉ်ကို လွှတ်တင်ရန် ဇန်နဝါရီ ၂၈ ရက်က ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေနှင့် ဒုံးပျံ ပျံသန်းရေးစနစ်ပြဿနာတစ်ခုကြောင့် အစီအစဉ်ပျက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် အရာရာအသင့်အနေအထားရှိနေပြီဖြစ်ရာ မိမိတို့အနေဖြင့် New Shepard ဒုံးပျံယာဉ်ကို ဖေဖော်ဝါရီ ၅ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard ဒုံးပျံယာဉ်ကို တက္ကဆက်ပြည်နယ်အနောက်ပိုင်း ဘလူးအော်ရီဂျင် ဒုံးပျံလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် New Shepard ဒုံးပျံယာဉ်သည် ကမ္ဘာ့လေထုလွှာနှင့်အာကာသဟင်းလင်းပြင်အနားစပ်၌ လကမ္ဘာဒြပ်ဆွဲအားအခြေအနေကို စမ်းသပ်ဖန်တီးမည်ဖြစ်သည်။

NS-29 မစ်ရှင်တွင် New Shepard ဒုံးပျံယာဉ်သည် စူးစမ်းလေ့လာရေးစနစ်အမျိုး ၃၀ ကိုလည်း သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဗီတာမင်ဒီ ဖြည့်စွက်ဆေးပုံမှန်စားပါက Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၄**

ဗီတာမင်ဒီဖြည့်စွက်ဆေးကို နေ့စဉ်ပုံမှန်သုံးစွဲပါက ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုရောဂါ (Dementia)ဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

Dementia ရောဂါသည်အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများတွင် ဖြစ်ပွားတတ်သော ဦးနှောက်ရောဂါတစ်မျိုးဖြစ်သည်။

Dementia ရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားများကို နိုင်ငံတကာဆေးပညာရှင်များအနေဖြင့် တိတိကျကျဖော်ထုတ်နိုင်မှုမရှိသေးသကဲ့သို့ ၎င်းရောဂါကို ပျောက်ကင်းစေသည့်ကုထုံးမျိုးလည်းမရှိသေးပေ။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်ဒီ ဖြည့်စွက်ဆေးများကို နေ့စဉ်ပုံမှန်သောက်သုံးခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းထိလျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၇၁ နှစ်အရွယ်ပျမ်းမျှရှိသော လူပေါင်း ၁၂၃၈၈ ဦးတို့၏ဆေးမှတ်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်ဒီ ဖြည့်စွက်ဆေးပုံမှန် သောက်သုံးသူများသည် မသောက်သုံးသူများထက် Dementia ဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်းပိုနည်းပါးကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## အသက် ၅၀ မတိုင်မီ လေ့ကျင့်ခန်းပြုလုပ်မှုက အယ်ဇိုင်းမားဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၄**

အသက် ၅၀ မတိုင်မီ တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားနေထိုင်မှုသည် အသက်ရလာချိန်၌ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

လေ့ကျင့်ခန်း ပြုလုပ်မှုသည် စဉ်းစား ဆင်ခြင်နိုင်မှုစွမ်းရည်၊ မှတ်ဉာဏ်စွမ်းရည်တို့နှင့်ဆက်စပ်နေသော ဦးနှောက်နယ်မြေ၏ ထုထည်ကို ထိန်းပေးထားနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ် (လန်ဂလေ)မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အသက် ၅၀ မတိုင်မီကပင် လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားခဲ့လျှင်ပင် ၎င်းရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀ကျော်တို့၏ မွေးဖွားချိန်မှစ၍ လက်ရှိအချိန်ထိ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အသက် ၅၀ မတိုင်မီ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်မှုသည် အသက် ၇၀ အရွယ်၌ အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေ ကျဆင်းလာမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်ရာ အသက် ၅၀ မတိုင်မီ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပါက အသက်ရလာချိန်၌ အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ ရက်တွင် ပြန်လည်ကျင်းပမည်




**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့်ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပပြီးစီးခဲ့ပြီး ရှုံးထွက်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ ပြန်လည် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီတွင် Idiots FC အသင်းနှင့် TG Old Star အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၉ နာရီခွဲတွင် Team F–3 အသင်းနှင့် Top One အသင်းတို့ကစားခဲ့ရာ Team F–3 အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် YGW FC အသင်းနှင့် The Lion FC အသင်းတို့ကစားခဲ့ရာ YGW FC အသင်းက ၁၁ ဂိုး ငါးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Lin Latt Shwe Sin အသင်းနှင့်Megical Treasures အသင်းတို့ကစားခဲ့ရာ Lin Latt Shwe Sin အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ပြီးခဲ့သည့် ဇန်နဝါရီ ၂၆ ရက်မှစတင်ပြီး ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့တွင်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီနှင့် ဗိုလ်လုပွဲစဉ်ကို နံနက်၁၀နာရီတို့တွင် လည်းကောင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **STA**

# နစ်ကိုးဂွန်ဇာလက်စ်ကို စတာလင်ပေါင် သန်း ၅၀ ဖြင့် မန်စီးတီးအသင်းခေါ်ယူ

**မန်ချက်စတာ ဖေဖော်ဝါရီ ၄**

မန်စီးတီးအသင်းသည် အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ပေါ်တိုအသင်းမှ ကွင်းလယ်ကစားသမား နစ်ကိုးဂွန်ဇာလက်စ်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူနိုင်ခဲ့သဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၇၇ သန်းထိ သုံးစွဲခဲ့ကြောင်း သိရသည်။

မန်စီးတီး အသင်းအနေဖြင့် ကွင်းလယ်ပိုင်းတွင် ရိုဒရီဒဏ်ရာရရှိခဲ့ပြီးနောက် ရလဒ်ပိုင်းကျဆင်းခဲ့သောကြောင့် အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ နစ်ကိုးဂွန်ဇာလက်စ်ကို စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူခဲ့ပြီး ယခုအခါ ၂၀၂၉ ခုနှစ်ထိ လေးနှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့သည်။

နစ်ကိုးဂွန်ဇာလက်စ်သည် ဘာစီလိုနာအကယ်ဒမီထွက် ကစားသမားဖြစ်ကာ ၂၀၂၃ ခုနှစ်က ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၈ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ချိန်တွင် စာချုပ်ပါ သဘောတူညီချက်အရ မိခင်ကလပ် ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေး ၄၀ ရာခိုင်နှုန်းခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဖရန့်ဖတ်အသင်း တိုက်စစ်မှူးမာမောက်၊ လန့်စ်အသင်း ခံစစ်ကစားသမား ခူဆာနို့ဗ်၊ ပါမီးယက်စ်အသင်းခံစစ်ကစားသမားဗစ်တာရိစ်၊ဗယ်လာဒိုးလစ်ခံစစ်ကစားသမား ဘက်ဟ်တို့အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၂၇ သန်းထိ သုံးစွဲခဲ့ပြီးကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် နစ်ကိုးဂွန်ဇာလက်စ်ကို စာချုပ်ဖျက်သိမ်းကြေးစတာလင်ပေါင် သန်း ၅၀ ဖြင့်ထပ်မံခေါ်ယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်မှ ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ပြောင်းရွှေ့ကြေးအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**




# အဲဗာတန်အသင်းက ဖလာမင်ဂိုကွင်းလယ်ကစားသမား အယ်ကာရက်ဇ်ကိုခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၄**

အဲဗာတန်အသင်းသည် အပြောင်းအရွှေ့ကာလ နောက်ဆုံးချိန်တွင် ဖလာမင်ဂိုအသင်းမှ အသက် ၂၂ နှစ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား အယ်ကာရက်ဇ်ကို ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အဲဗာတန်အသင်းသည် ကစားသမား၏အပြောင်းအရွှေ့နှင့် ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း အငှားစာချုပ်ကုန်ဆုံးပါက နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမား၏ခြေစွမ်းပြသနိုင်မှုအပေါ် မူတည်ကာ အပြီးသတ်ဝယ်ယူခွင့်ပါရှိခဲ့သည်။

၎င်းသည် ယခင်ကပရီးမီးယားလိဂ်ကလပ် ဆောက်သမ်တန်အသင်းနှင့် စီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့တွင်လည်း အငှားစာချုပ်ဖြင့်ကစားခဲ့ဖူးပြီး ကစားသမားဘဝကို အသက် ၁၇ နှစ်အရွယ်ကတည်းက ရေဆင်းအသင်းနှင့် စတင်ခဲ့ကာ ၂၀၂၂ ခုနှစ်တွင် ဖလားပြိုင်ပွဲဗိုလ်လုပွဲ၌ ဘိုကာဂျူနီယာအသင်းကို ၎င်း၏သွင်းဂိုးဖြင့် အနိုင်ယူ၍ ဆုဖလားရယူပေးနိုင်ခဲ့သည်။

လက်ရှိတွင် အဲဗာတန်အသင်း နည်းပြမိုယက်စ်ကအသင်းဟောင်းကို ပြန်လည်တာဝန်ယူပြီးနောက် ပရီးမီးယားလိဂ်လေးပွဲတွင် တစ်ပွဲသာရှုံးခဲ့ကာ ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁၆) ထိတက်ရောက်နိုင်ခဲ့ပြီး ရလဒ်ပိုင်းတိုးတက်အောင် ကြိုးပမ်းနိုင်ခဲ့သော်လည်း အဓိက ကစားသမားများ ဒဏ်ရာရရှိခဲ့ပါက အစားထိုးအသုံးပြုနိုင်မည့် ကွင်းလယ်ကစားသမား အယ်ကာရက်ဇ်ကို ပစ်မှတ်ထား ခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက တိုက်စစ်မှူးအိုကာဖော်ကို နာပိုလီအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးစာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်ပါရှိခဲ့ကြောင်း သိရသည်။
- ❑ မန်ယူအသင်းခံစစ်ကစားသမား မာလာစီယာကို ဘင်ဖီကာအသင်းက ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဆေးစစ်မှုပြုလုပ်နေကြောင်း သိရသည်။
- ❑ အယ်သီဖတ်အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည့် နည်းပြဂျရတ်က အင်္ဂလန်လိဂ်–၂ ကလပ် ကာလစ်ဆီအသင်း နည်းပြတာဝန်ထမ်းဆောင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ❑ ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် တိုက်စစ်လိုအပ်ချက်အတွက် အိုလီဝက်ကင်းကို ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ခေါ်ယူနိုင်ခြင်းမရှိခဲ့သောကြောင့် စိတ်ပျက်မိကြောင်း အာဆင်နယ်အသင်းနည်းပြအာတီတာက ပြောကြားခဲ့သည်။

**ML**

# မြန်မာဖူဆယ်လိဂ် ယူ-၁၆နှင့် ယူ-၁၉ပြိုင်ပွဲတို့ကို လာမည့်မတ်လမှစတင်ပြီး စက်တင်ဘာလထိ ကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မျိုးဆက်သစ် မြန်မာ့လက်ရွေးစင်ဖူဆယ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် မြန်မာဖူဆယ်လိဂ် ယူ–၁၆ပြိုင်ပွဲနှင့်ယူ–၁၉ ပြိုင်ပွဲတို့ကို လာမည့်မတ်လမှ စတင်ပြီး စက်တင်ဘာလထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးပြီး မြန်မာဖူဆယ်လိဂ်–၁ ပြိုင်ပွဲ၊ မြန်မာဖူဆယ်လိဂ်–၂ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲနှင့်အတူ ရှုံးထွက်ပြိုင်ပွဲများကို ကျင်းပလျက်ရှိနေပြီး ယခုအခါ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက်လည်း လူငယ်လိဂ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဒါရိုက်တာ ဦးရဲဝင်းထွန်းက "ကျွန်တော်တို့ ဖူဆယ်နဲ့ သဲသောင်ပြင်ကော်မတီ အနေနဲ့ ဒီနှစ်မှာ ပုံမှန်လုပ်နေကျ လိဂ်–၁၊ လိဂ်–၂ တွေအပြင် လူငယ်လိဂ်တွေဖြစ်တဲ့ ယူ–၁၈နဲ့ ယူ–၁၉ပြိုင်ပွဲတွေကို လိဂ်ပုံစံအနေနဲ့ ခြောက်လလောက် လူငယ်ကစားသမားတွေ အများကြီး ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပြီး ကျင်းပဖို့စီစဉ်ထားပါတယ်။ လိဂ်တွေကိုတော့ မတ်လကျောင်းပိတ်ရက်မှာ စတင်ပြီး စက်တင်ဘာလလောက်ထိ ခြောက်လလောက်ကျင်းပသွားဖို့ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာဖူဆယ်လိဂ် ယူ–၁၆ ပြိုင်ပွဲနှင့် ယူ–၁၉ပြိုင်ပွဲတို့ကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းစီဖြင့် ရက်သတ္တ ၂၂ပတ်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ယူ–၁၆ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမားများအနေဖြင့် အငယ်ဆုံးအသက် ၁၄ နှစ်မှ အကြီးဆုံး ၁၆နှစ်ဖြစ်ရမည်ဖြစ်ကာ ယူ–၁၉ ပြိုင်ပွဲတွင် အငယ်ဆုံးအသက် ၁၇ နှစ်မှ အကြီးဆုံး အသက် ၁၉ နှစ် ရှိရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ONE Championship နှင့်စာချုပ်ချုပ်ဆိုပြီးနောက် ပထမဆုံးပွဲစဉ်အဖြစ် ONE Friday Fight97 ပြိုင်ပွဲတွင် ဘရော်နီကာထိုးသတ်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာ အမျိုးသမီးဖိုက်တာ ဘရော်နီကာသည် ONE Championshipနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ONE ပထမဆုံးပွဲစဉ်အဖြစ် လာမည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ကျင်းပမည့် ONE Friday Fight97 ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘရော်နီကာသည် အစောပိုင်းက ထိုင်းနိုင်ငံရှိ Thai Fightနှင့် စာချုပ်ချုပ်ဆိုပြီး မွေထိုင်းပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာ၌ အောင်မြင်မှုများရယူနိုင်ခဲ့ပြီး ထိုင်းဘုရင့်ဖလား မွေထိုင်းပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကိုနှစ်ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ကာ စုစုပေါင်း ပွဲ ၂၀ ထိုးသတ်ခဲ့ရာ ၁၈ပွဲထိ အနိုင်ရရှိခဲ့ပြီး နှစ်ပွဲရှုံးနိမ့်ခဲ့သူဖြစ်သည်။

ထို့နောက် ဘရော်နီကာသည် Thai Fightနှင့် လမ်းခွဲခဲ့ပြီးနောက် နာမည်ကြီးအဖွဲ့အစည်းဖြစ်သည့် ONE Championshipနှင့် ပြီးခဲ့သည့်လအတွင်းက စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ပထမဆုံးပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဘရော်နီကာသည် Thai Fight ပြိုင်ပွဲများတွင် အကောင်းဆုံး လက်စွမ်းများဖြင့် ထိုးသတ်နိုင်ခဲ့သည့်အတွက် ONE Champion-ship ဥက္ကဋ္ဌ ချက်ထရိက ဘရော်နီကာ၏ထိုးသတ်ပုံကို သဘောကျနှစ်သက်ခဲ့ပြီး ခေါ်ယူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ONE Championship က လာမည့်ဖေဖော်ဝါရီလတွင်ကျင်းပမည့် ONE Friday Fight97 ပြိုင်ပွဲတွင် ထိုးသတ်မည့်တွဲဆိုင်းများကို အတည်ပြုထုတ်ပြန်ခဲ့ရာတွင် ဘရော်နီကာအနေဖြင့် ချီလီ အမျိုးသမီးဖိုက်တာ တစ်ဦးဖြစ်သည့် Francisca Vera နှင့် အမ်တန်ဝိတ်တန်း ပွဲစဉ်အဖြစ် ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဝါရင့်ကစားသမား ဝီလီယံ ဖူလ်ဟမ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ရောက်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၄**

အိုလံပီယာကို့စ် အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်ဝီလီယံသည် အသင်းဟောင်း ဖူလ်ဟမ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ကစားခဲ့သည်။

အသက် ၃၆နှစ်ရှိ ဝီလီယံသည် ပြီးခဲ့သည့် ၂၀၁၃ခုနှစ်က ရက်တာဒိုးနက်စ်အသင်းမှချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ စတင်ရောက်ရှိခဲ့သူဖြစ်ပြီး ချဲလ်ဆီးအသင်းတွင် ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ရှိ ကာလရှည်ကစားခဲ့ကာ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဝီလီယံသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် လန်ဒန်မြို့ခံပြိုင်ဘက် အာဆင်နယ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့ပြီး အာဆင်နယ်အသင်းတွင် နှစ်နှစ်သာကစားခွင့်ရရှိခဲ့ကာ ၂၀၂၂ခုနှစ် စက်တင်ဘာလတွင် လန်ဒန်မြို့ခံ အသင်းတစ်သင်းဖြစ်သည့် ဖူလ်ဟမ်အသင်းသို့ ထပ်မံပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။

ဝီလီယံသည် ဖူလ်ဟမ်အသင်းတွင် ၂၀၂၂ခုနှစ်မှပြီးခဲ့သည့်ဘောလုံးရာသီအကုန် ၂၀၂၄ခုနှစ် ဇွန်လထိ ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ဂရိထိပ်သီး အိုလံပီယာကို့စ်အသင်းထံပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

သို့သော် ဝီလီယံသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက အိုလံပီယာကို့စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်ပြီး အစောပိုင်းက ၎င်းအနေဖြင့် ဘရာဇီးကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ဘဲ ယခုအခါမှသာ အသင်းဟောင်း ဖူလ်ဟမ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ဟယ်ရီကိန်းကြောင့် စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ဟု မက်သီတဲလ်ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၄**

ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှ စပါးအသင်းသို့ရာသီကုန်ထိ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည့်လူငယ်ကစားသမား မက်သီတဲလ်က ဟယ်ရီကိန်းကြောင့် စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မက်သီတဲလ်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ပွဲကစားခွင့်မရရှိဘဲဖြစ်နေသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး စပါးအသင်းသို့ မပြောင်းရွှေ့မီက မန်ယူအသင်း၊ အာဆင်နယ်အသင်း၊ ချဲလ်ဆီးအသင်းတို့နှင့် အပြောင်းအရွှေ့ သတင်းများထွက်ပေါ်ခဲ့သော်လည်း နောက်ဆုံးတွင် စပါးအသင်းသို့သာပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

စပါးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကြား ကနဦးအငှားစာချုပ်ဖြင့်သဘောတူညီမှုရရှိခဲ့ပြီး အငှားစာချုပ်ပြီးလျှင် ယူရို သန်း ၆၀ ဖြင့် အပြီးသတ်ခေါ်ယူခွင့်ပါ သဘောတူညီမှု ရရှိထားသော်လည်း မက်တီတဲလ်က စပါးအသင်းထက် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းမှ တစ်သင်းသင်းသို့ ပြောင်းရွှေ့ကစား လိုနေသည့်အတွက် အပြောင်းအရွှေ့ကြန့်ကြာခဲ့သော်လည်း မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က ကမ်းလှမ်းမှုတစ်စုံတစ်ရာမရရှိခဲ့သဖြင့် အပြောင်းအရွှေ့ နောက်ဆုံးရက်တွင် စပါးအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



**Ref : One Football**
**Trs : STA**

# အဆန်စီယိုနှင့် ဒီဆာဆီတို့ကို အငှားစာချုပ်ဖြင့် အေဗီလာအသင်း ထပ်မံခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၄**

အေဗီလာအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် ပီအက်စ်ဂျီအသင်းက ကွင်းလယ်ကစားသမား အဆန်စီယိုနှင့် ချဲလ်ဆီးအသင်းမှ ခံစစ်ကစားသမားဒီဆာဆီတို့ကိုအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူနိုင်ခဲ့သည်။

ခံစစ်ကစားသမား ဒီဆာဆီသည် ကနဦးက စပါးအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုပြုလုပ်နေသော်လည်း နည်းပြအမ်မရီက လက်ဦးမှုရယူနိုင်ခဲ့သဖြင့် ၎င်းကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် မပါခဲ့ဘဲ ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အဆန်စီယိုကိုလည်း ခြောက်လအငှားစာချုပ်ဖြင့်သာခေါ်ယူခဲ့ပြီး အပြီးသတ်ဝယ်ယူခွင့် မပါခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား အဆန်စီယိုသည် ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၇ ပွဲတွင် သွင်းဂိုးနှစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံရှစ်ပွဲဆက်တွင်လည်း ၁၈မိနစ်သာကစားခွင့်ရခဲ့သောကြောင့် ပွဲကစားခွင့်ရရှိရန်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ဒီဆာဆီသည်လည်း နည်းပြမာရက်စ်ကာ လက်အောက်တွင် ပွဲကစားခွင့် ပျောက်ဆုံးနေသောကြောင့်အသင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**





# ခံစစ်ကစားသမားအလာဘာ ဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ပိုင်းအခက်ကြုံတွေ့

**မက်ဒရစ် ဖေဖော်ဝါရီ ၄**

ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်နေရာတွင် အလာဘာအနေဖြင့် ထပ်မံဒဏ်ရာရရှိခဲ့ပြီး အနားယူရမည်ဖြစ်သည့်အတွက် အသင်း ဗဟိုခံစစ်ပိုင်းအတွက် အခက်ကြုံတွေ့နေရကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်နေရာတွင် အဓိက ကစားသမားတစ်ဦးဖြစ်သည့်မီလီတာအိုသည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းကတည်းက ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိနေသည့်အတွက် ကာလရှည်အနားယူနေခဲ့ရပြီး ပြီးခဲ့သည့် အက်စ်ပန်ညိုအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင်လည်း နောက်ထပ် အဓိက ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ရူဒီဂါသည်လည်း ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ရက်သတ္တသုံးပတ်ခန့်ထိ အနားယူရမည် ဖြစ်သည်။

အလာဘာသည် ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ပိုင်းတွင် ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူနေခဲ့ရပြီးနောက် ပြန်လည်သက်သာလာခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ထပ်မံဒဏ်ရာ ရရှိခဲ့သည့်အတွက် အနည်းဆုံးရက် သတ္တသုံးပတ်ခန့်ထိ ထပ်မံအနားယူရမည့် အခြေအနေကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ပိုင်းအတွက် အခက်ကြုံတွေ့ နေရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းဗဟိုခံစစ်နေရာတွင် အဓိက ကစားသမားများဖြစ်သည့် မီလီတာအို၊ ရူဒီဂါနှင့် အလာဘာတို့ ဒဏ်ရာကြောင့် အနားယူရမည် ဖြစ်သည့်အတွက် လူငယ်ကစားသမား မာကိုအဆန်စီယိုနှင့်အတူ အရန်ကစားသမားတစ်ဦးဖြစ်သည့် ဗယ်လီဟိုတို့သာ ရှိနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်ပွဲစဉ်များအဖြစ် မြို့ခံပြိုင်ဘက်အေတီကိုအသင်း၊ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းတို့နှင့် ကစားရမည်ဖြစ်သည့်အတွက် အသင်းဗဟိုခံစစ်နေရာတွင် ရုန်းကန်သွားရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကင်ဆာရောဂါများထိန်းချုပ်ရေးအတွက်မရှိမဖြစ်သည့် ကင်ဆာလူနာမှတ်ပုံတင်ခြင်းလုပ်ငန်းများ

**❖သက်ဆိုင်ရာဆေးရုံတစ်ခုချင်းစီအနေဖြင့် ဆေးရုံအခြေပြု ကင်ဆာလူနာမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ထားနိုင်သော်လည်း ဆေးရုံ၊ ဆေးခန်းများသို့ ရောက်မလာနိုင်သည့် ကင်ဆာလူနာများကို မှတ်တမ်းတင်ရန်မှာ ရောဂါဗေဒဌာနများ၊ ရင်ခွဲရုံများနှင့် သုသာန်များထိပါမကျန် လွှမ်းခြုံစာရင်းကောက်ခံနိုင်ရန် လိုအပ်သည်။ နိုင်ငံတော်အဆင့်မူဝါဒချမှတ်သူများက ဦးစီးဦးဆောင်ပြု၍ ကင်ဆာရောဂါမှတ်ပုံတင်ဗဟိုဌာနသီးခြားဖွဲ့စည်းလျက် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များအဆင့်ထိ သန်းခေါင်စာရင်းကောက်ခံသကဲ့သို့ ပြုစုနိုင်ပါမှ ပြည့်စုံမှန်ကန်မှုအရှိဆုံး ကင်ဆာလူနာမှတ်ပုံတင်စာရင်းကို ရရှိမည်ဖြစ်သည်။ ❖**

အပြည်ပြည်ဆိုင်ရာ ကင်ဆာသုတေသနအေဂျင်စီ(IARC)အဖွဲ့ကြီးက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါလူနာသစ် ၃၅ သန်းကျော်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်လိုက်သည့်အခါ တစ်နှစ်စာ ကင်ဆာလူနာသစ် ၇၇ ရာခိုင်နှုန်း ပိုမိုများပြားလာသည့် အခြေအနေဖြစ်သည်။ ကင်ဆာရောဂါများ၏ ဖိစီးမှုဒဏ်ကို ဝင်ငွေနိမ့်နှင့် အလယ်အလတ်နိုင်ငံများ (LMICs)ကသာ ပိုမိုခံစားကြရမည်ဖြစ်ပြီး ထိုနိုင်ငံများမှာ လာမည့် ၂၅ နှစ်အတွင်း ကင်ဆာရောဂါကြောင့် သေဆုံးမှုများက နှစ်ဆဖြစ်လာမည်ဟု ခန့်မှန်းထားကြသည်။

ဝင်ငွေနိမ့်နှင့် အလယ်အလတ်နိုင်ငံများ (LMICs) မှာ ငွေကြေးချမ်းသာသောနိုင်ငံကြီးများက ဖန်တီးသည့် ဒုက္ခအဝဝကို ခံစားကြရသည်မှာ ပုံမှန်လိုဖြစ်နေသည်။ စက်မှုနိုင်ငံကြီးများကြောင့်ဖြစ်ရသည့် သဘာဝညစ်ညမ်းမှုဒဏ်ဆိုရင်လည်း ဝင်ငွေနိမ့်နှင့် အလယ်အလတ်နိုင်ငံများက ပိုမိုခံစားကြရသည်။ မြေနိမ့်ရာလှံစိုက်ဆိုသကဲ့သို့ ကမ္ဘာ့နိုင်ငံများကြား မညီမျှမှုအကြောင်းတရားကြောင့် ငွေကြေးချို့တဲ့သူများအဖို့ ခါးစည်းခံနေကြရသည့်ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိသည်။

ဝင်ငွေမတူညီသည့်နိုင်ငံများကြား၊ ဝင်ငွေမတူညီသည့်လူသားများကြား ကင်ဆာရောဂါများနှင့်ပတ်သက်သည့် ပြုစုကုသစောင့်ရှောက်ပေးနိုင်မှုအဆင့်အတန်းများလည်း ပိုမိုကွာဟလာရန်သာရှိသည်။ ထိုပြဿနာများကိုဖြေရှင်းနိုင်ရန်က တစ်နိုင်ငံတည်း၏ အရေးကိစ္စတင်မကဘဲ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ကင်ဆာရောဂါများ ကာကွယ်ရေးနှင့် ကင်ဆာကုဌာနများအဆင့်မြှင့်တင်ရေးတို့မှာ ကင်ဆာတိုက်ဖျက်ရေးအတွက် ချက်ချင်းလက်ငင်း တိုးမြှင့်ဆောင်ရွက်ရမည့်အရေးကိစ္စများဖြစ်လာသည်။

ကမ္ဘာ့နိုင်ငံတစ်နိုင်ငံချင်းစီတွင် မိမိတို့နိုင်ငံ၏ ကင်ဆာရောဂါဖြစ်ပွားမှုအခြေအနေများကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် ကင်ဆာလူနာမှတ်ပုံတင်ခြင်းလုပ်ငန်း(Cancer Registries)များက မရှိမဖြစ်လိုအပ်သည်။ သို့သော် ယနေ့ကမ္ဘာ့လူဦးရေ၏ ၂၁ ရာခိုင်နှုန်းသာလျှင် လူဦးရေအခြေပြုကင်ဆာ လူနာမှတ်ပုံတင်ခြင်းလုပ်ငန်းများအောက်တွင် စာရင်းဝင်နေသည်။ ဒေသတစ်ခု၊ နိုင်ငံတစ်ခုမှ လူဦးရေအားလုံးကိုလွှမ်းခြုံကောက်ခံနိုင်သည့် လူဦးရေအခြေပြုကင်ဆာလူနာမှတ်ပုံတင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရန် စိန်ခေါ်မှုများစွာရှိနေသည်။ ဥပမာ ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားကင်ဆာလူနာမှတ်ပုံတင်ခြင်းလုပ်ငန်းမှာ နိုင်ငံတော်မှရန်ပုံငွေများ ဖြတ်တောက်လိုက်ခြင်းကြောင့် ရပ်ဆိုင်းသွားရမည့် အခြေအနေဖြစ်ပေါ်လျက်ရှိသည်။

လူဦးရေအခြေပြု ကင်ဆာလူနာမှတ်ပုံတင်လုပ်ငန်း(Population-based Cancer Registries)များသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကင်ဆာရောဂါများဖိစီးမှုဒဏ်ကို တိုင်းတာနိုင်ရန်အတွက် အဓိကကျသည့် အခြေခံသတင်းအချက်အလက်များဖြစ်သည်။ ဤမှတ်ပုံတင်စာရင်းကိုသုံးသပ်ပြီး ကျန်းမာရေးမူဝါဒချမှတ်သူများအဖို့ မိမိတို့နိုင်ငံအတွင်း မည်သည့်ကင်ဆာအမျိုးအစားက အဖြစ်များနေသည်၊ မည်သည့်ကင်ဆာရောဂါကို ဦးစားပေးလျှော့ချနိုင်ရေးဆောင်ရွက်ရမည်၊ နောင်အဖြစ်များလာနိုင်ခြေရှိသည့် ကင်ဆာရောဂါများကို ကြိုတင်ထိန်းချုပ်ရမည်ဆိုသည့်အချက်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

ထိုမျှတင်မကပါ။ ကင်ဆာရောဂါများဖြစ်ပွားနေမှုအခြေအနေကိုသုံးသပ်ပြီး မည်သည့်ပညာရှင်အမျိုးအစားများကို မည်မျှမွေးထုတ်ပေးထားသင့်သည်ဟူသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် မည်သည့်ကင်ဆာကုသရေးဆေးဝါးများနှင့် စက်ကိရိယာကြီးများကို မည်မျှဝယ်ယူသင့်သည်ဟူသော အခြေခံအဆောက်အအုံအရင်းအမြစ်များ ခန့်မှန်းနိုင်ရေးတွင်ပါ အကျိုးရှိသည်။ ကင်ဆာရောဂါတစ်မျိုးချင်း၏ ဖြစ်ပွားမှုအပေါ် အသေးစိတ်သုံးသပ်လျက် ကင်ဆာရောဂါတစ်မျိုးချင်းစီအလိုက် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များ၊ ကြိုတင်စစ်ဆေးရှာဖွေရေးလမ်းညွှန်ချက်များနှင့် ရောဂါကုသရေးလမ်းညွှန်ချက်များကိုပါ တစ်နိုင်ငံလုံး လွှမ်းခြုံပြဋ္ဌာန်းပေးနိုင်ခြင်းဖြင့် နိုင်ငံသားများ၏ကင်ဆာရောဂါကြောင့် သေဆုံးရမှုများကို တစ်ပြေးညီလျှော့ချပေးနိုင်ရေးလုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်းအရည်အသွေးမြင့်မားသည့် ကင်ဆာလူနာမှတ်ပုံတင်ဌာနပေါင်း ၇၀၀ ကျော်မှာ ဝင်ငွေမြင့်မားသည့်နိုင်ငံများတွင်သာ တည်ရှိနေကြသည်။ အမေရိကန်နိုင်ငံနှင့်အနောက်ဥရောပနိုင်ငံများအားလုံးတွင် ကင်ဆာလူနာမှတ်ပုံတင်ဌာနများအောက် ရှိနေပြီးဖြစ်သည်။ အာဖရိကတိုက်နိုင်ငံများ၏ နှစ်ရာခိုင်နှုန်းနှင့် အာရှတိုက်နိုင်ငံများ၏ ၁၃ ရာခိုင်နှုန်းသည်သာ ကင်ဆာလူနာမှတ်ပုံတင်ဌာနများ၏ လွှမ်းခြုံမှုအောက်တွင်ရှိသည်။ အာဖရိကတောင်ပိုင်းနိုင်ငံများမှာ ကင်ဆာလူနာမှတ်တမ်းမှတ်ရာမရှိသည့် အဆိုးဆုံးအနေအထားတွင် ရှိနေကြသည်။

ယနေ့ကမ္ဘာ့လူသားများ၏သက်တမ်းမှာ ရှည်လျားလာလျက်ရှိပြီး သက်ကြီးပိုင်းလူဦးရေ အချိုးအဆမှာ တစ်စတစ်စ များပြားလာလျက်ရှိသည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာပေါ်၌ လူငယ်လူရွယ်ပိုင်း ကင်ဆာလူနာ ၁ ဒသမ ၃ သန်းရှိခဲ့ပြီး လူငယ် ၃၇၇၆၂၀ ဦးမှာ ကင်ဆာရောဂါများကြောင့် သေဆုံးခဲ့ရကြောင်း တွေ့ရှိရသည်။ နိုင်ငံအလိုက် ကင်ဆာဖြစ်ပွားမှုများသည့် အသက်အရွယ်၊ တစ်နည်းအားဖြင့် အသက်အရွယ်အလိုက် ကင်ဆာရောဂါတစ်ခုချင်းစီ၏ဖြစ်ပွားမှုပုံစံများကို သိရှိမှသာလျှင် အမျိုးသားကင်ဆာရောဂါထိန်းချုပ်မှုစီမံချက် (National Cancer Control Plan) ကို မှန်ကန်စွာရေးဆွဲနိုင်မည်ဖြစ်သည်။

GICR အမည်ရ ကမ္ဘာလုံးဆိုင်ရာကင်ဆာလူနာမှတ်ပုံတင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီးက ၂၀၁၁ ခုနှစ်မှစ၍ လူဦးရေအခြေပြုကင်ဆာလူနာမှတ်ပုံတင်လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် ကူညီပေးလျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပူးပေါင်းဆောင်ရွက်ရေးဌာနတစ်ခုတည်ထောင်လျက် ဆောင်ရွက်လာခဲ့သည်မှာ မျက်မှောက်ကာလတွင် တရုတ်နိုင်ငံအတွင်း ကျေးရွာ၊ ရပ်ကွက်အားလုံးနီးပါးတွင် ကင်ဆာလူနာမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေနိုင်ပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကင်ဆာလူနာမှတ်ပုံတင်ဌာနတစ်ခု ပေါ်ပေါက်လာရန်မလွယ်ကူပေ။ သက်ဆိုင်ရာဆေးရုံတစ်ခုချင်းစီအနေဖြင့် ဆေးရုံအခြေပြု ကင်ဆာလူနာမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ထားနိုင်သော်လည်း ဆေးရုံ၊ ဆေးခန်းများသို့ ရောက်မလာနိုင်သည့် ကင်ဆာလူနာများကို မှတ်တမ်းတင်ရန်မှာ ရောဂါဗေဒဌာနများ၊ ရင်ခွဲရုံများနှင့် သုသာန်များထိပါမကျန် လွှမ်းခြုံစာရင်းကောက်ခံနိုင်ရန် လိုအပ်သည်။ နိုင်ငံတော်အဆင့်မူဝါဒချမှတ်သူများက ဦးစီးဦးဆောင်ပြု၍ ကင်ဆာရောဂါမှတ်ပုံတင်ဗဟိုဌာန သီးခြားဖွဲ့စည်းလျက် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များအဆင့်ထိ သန်းခေါင်စာရင်းကောက်ခံသကဲ့သို့ပြုစုနိုင်ပါမှ ပြည့်စုံမှန်ကန်မှုအရှိဆုံး ကင်ဆာလူနာမှတ်ပုံတင်စာရင်းကို ရရှိမည်ဖြစ်သည်။

ကင်ဆာလူနာမှတ်ပုံတင်ဌာနကြီးတစ်ခု ပေါ်ပေါက်လာပြီးပါကလည်း ရေရှည်တည်မြဲအောင် ထိန်းသိမ်းရန် ခက်ခဲပါလိမ့်မည်။ ရန်ပုံငွေ၊ လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံရေးအခြေအနေနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု စသည့်အချက်များအားလုံး ပြည့်စုံညီညွတ်ပါမှ ဌာနတစ်ခု တည်မြဲနိုင်ပါလိမ့်မည်။ ကင်ဆာလူနာမှတ်ပုံတင်ဌာနတစ်ခု၏ အကျိုးရလဒ်မှာ ချက်ချင်းလက်ငင်းသိမြင်နိုင်မည်လည်း မဟုတ်ပါ။ အချိန်ကာလတစ်ခုထိ ကြာမြင့်လာမှသာ ကင်ဆာရောဂါဖြစ်ပွားမှုနှင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုများကျဆင်းလာမည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

အာဖရိကတိုက်နိုင်ငံများဖြစ်သည့် ဇင်ဘာဘွေ၊ ယူဂန်ဒါနှင့် ကင်ညာနိုင်ငံတို့တွင်ပြုလုပ်ထားသည့် သုတေသနများအရ လူဦးရေအခြေပြု ကင်ဆာလူနာမှတ်ပုံတင်စာရင်းကောက်ခံမှုအတွက် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ တစ်ဆင့်မှ နှစ်ဆင့်ထိ ကုန်ကျသည်ဟု သိရသည်။ လူဦးရေ သန်း ၅၀ ရှိသည့် နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံလွှမ်းခြုံကင်ဆာလူနာမှတ်ပုံတင်စာရင်းပြုစုနိုင်ရန်မှာ အမေရိကန်ဒေါ်လာငါးသိန်းမှ ၁၀ သိန်းကြား ကုန်ကျနိုင်သည့် အခြေအနေဖြစ်သည်။ သင့်တင့်မျှတသည့် ကုန်ကျစရိတ်ဖြစ်ကြောင်းလည်း ပညာရှင်များက ထောက်ပြကြသည်။

၂၀၂၀ ပြည့်နှစ်မှစတင်လျက် ဖေဖော်ဝါရီ ၄ ရက်ကို ကမ္ဘာ့ကင်ဆာရောဂါအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြသည်။ သုံးနှစ်လျှင် တစ်ကြိမ်ဆိုသကဲ့သို့ ကမ္ဘာ့ကင်ဆာရောဂါအထိမ်းအမှတ်နေ့၏ ဆောင်ပုဒ်အဖြစ် ခေါင်းစဉ်တစ်ပုဒ်စီ သတ်မှတ်ပေးလေ့ရှိသည်။ ၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ ဆောင်ပုဒ်မှာ "ကိုယ်ပိုင်အမှတ်အသားဖြင့် စည်းလုံးစို့"(United by Unique)ဖြစ်သည်။ အကြောင်းရင်းမှာ ကင်ဆာရောဂါများဟု ခြုံငုံခေါ်ဆိုနေကြသော်လည်း ကင်ဆာလူတစ်ဦးချင်းစီအတွက် ခံစားကြရသည့် ကင်ဆာရောဂါများမှာ သီးသန့် (Unique) ပုံစံဖြင့် ရှိနေကြခြင်းကြောင့်ဖြစ်သည်။ ကုသရေးလမ်းညွှန်ချက်များ မည်သို့ပင် ချမှတ်ထားသည်ဆိုစေကာမူ ကင်ဆာလူနာတစ်ဦးချင်းစီအတွက် သီးသန့်စီ တစ်ဦးတစ်ယောက်ချင်း ကုသပေးကြရသည်သာဖြစ်သည်။ ထို့ကြောင့် ကင်ဆာရောဂါသည် လူနာတစ်ဦးချင်းအတွက် ကိုယ်ပိုင်အမှတ်အသားရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကင်ဆာလူနာတစ်ဦးချင်းအပေါ် မေတ္တာ၊ စေတနာထားပြီး လိုအပ်နေသည်များကို ဖြည့်ဆည်းကုသပေးနိုင်မှသာလျှင် အကောင်းဆုံးသောရလဒ်ကို ရရှိမည်ဖြစ်သည်။ ကင်ဆာရောဂါများကို ကိန်းဂဏန်းများပေါ်မူတည်၍ ခန့်မှန်းတွက်ချက်ကိုင်တွယ်သုံးသပ်နေကြရသော်လည် တကယ်တမ်းလက်တွေ့ကုသရာတွင်မူ လူနာတစ်ဦးချင်းစီအပေါ် အသေးစိတ်ကြည့်ရှုကုသကြရမည်ဖြစ်သည်။ သို့သော်လည်း လူဦးရေအခြေပြုကင်ဆာလူနာမှတ်ပုံတင်ကောက်ခံခြင်းကဲ့သို့ ကိန်းဂဏန်းများပေါ်မူတည်သည့်ရလဒ်များ ထွက်ရှိမှသာလျှင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကင်ဆာရောဂါထိန်းချုပ်ရေးစီမံချက်များကို အလေအလွင့်နည်းပါးစွာဖြင့် အောင်မြင်စွာဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- **Cancer registries: the bedrock of global cancer care from Lancet Feb 1 ,2025**


**ဒေါက်တာလွှမ်းမိုးဟန်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ပေါ့ရိုင်ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်



**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးမည့် ပေါ့ရိုင် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါ့ရိုင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာဇော်လင်းထက်က ရေးသားထားပြီး ဒါရိုက်တာ ဇော်လင်းထက်ကပင် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးမည့် သည်းထိပ်ရင်ဖိုဇာတ်လမ်း အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပေါ့ဆိုတာက ထိုင်းလို အဖေလို့ခေါ်တာပေါ့နော်။ ရိုင်ဆိုတာက အကြီးစားတွေကို ဆိုလိုတာပေါ့နော်။ ပေါ့ရိုင်ဆိုတာက အဖနတ်လို့ နတ်ကိုမှ အကြီးစားပေါ့နော်။ အဖေကြီးနတ်လိုမျိုး နာမည်က သက်ရောက်ပါတယ်။ ဆုထက်က တော့ ဒီဇာတ်ကားမှာ ခပ်မာမာ ထန်ထန် အမျိုးသမီးတစ်ယောက် နေရာက ပါဝင်ရမှာပါ။ သရဲကားပုံစံကိုမှ ဇာတ်လမ်း၊ ဇာတ်အိမ်လေးလဲ ဆန်းတယ်ပေါ့နော်။ ရိုက်ကူးနေကြ ဇာတ်လမ်း၊ ဇာတ်အိမ်မဟုတ်လို့ ကိုယ်တိုင်လဲ သဘောကျလို့ လက်ခံရိုက်ကူးဖြစ်တာပါ" ဟု အဆိုပါ ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်မည့်ဆုထက်ကုဋေက ပြောပြသည်။

အဆိုပါ ပေါ့ရိုင်ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ရဲလွင်ဦး၊ နေရှိုင်း၊ ဇေကြီး (ISN)၊ ယမုံမြင့်မြတ်၊ ဆုထက်ကုဋေ၊ နှင်းအိဝင့်ဝါ၊ ဇင်သူအောင်၊ ကျော့ကေသရာ၊ အိမ့်ဖူးကြယ်စင် အပြင် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ASH**

# Paramount ၏ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မယ်လစ်ဆာလီယိုနှင့်လိုအယ်လိုဘယ်တို့ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၄**

Paramount ကုမ္ပဏီ၏ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်တွင် မင်းသမီး မယ်လစ်ဆာလီယို၊ လိုအယ်လိုဘယ်နှင့် မင်းသား ဂျက်ကော့စီပီယိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အထက်ပါ သရုပ်ဆောင်သုံးဦး အနက် မင်းသမီး မယ်လစ်ဆာလီယိုသည် The Fighter (2010) ဖြင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ အော်စကာဆု ရရှိထားသူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Paramo-unt ၏ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ အထက်ပါသရုပ်ဆောင်များ ပါဝင်ရမည့်ဇာတ်ကောင်နေရာများကို မသိရသေးပေ။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အင်ဒရီ ဟော့ဗရီဒဲက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ဇာချာရီဒိုနိုဟူးက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဖြတ်စရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၉ ရက်တွင် မြန်မာရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၉ ရက်တွင် မြန်မာရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြတ်စ ရုပ်ရှင်ဇာတ်ကား၏ မူရင်းဝတ္ထုမှာ စာရေးဆရာကြီး သော်တာဆွေ၏ ဝတ္ထုဖြစ်ပြီး အဆိုပါဝတ္ထုကို ဓနုတ်ကိုကိုဇော်၊ ဒီဒီထက်အောင်၊ ရွှန်းမီမီထက်၊ မြလွှမ်းမိုးဆွေတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ အုန်းဝင်းက ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားဖြစ်ပြီး CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် နိုဝင်ဘာလတုန်းက ရုံတင်ထားတဲ့ ဖြတ်စ ဇာတ်လမ်းကတော့ အချစ်ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားပါ။ နာမည်ကြီး စာရေးဆရာကြီးရဲ့ ဟာသဝတ္ထုဖြစ်တဲ့အတွက် ရုံတင်ပြသစဉ်ကလဲ ပရိသတ်အားပေးမှုများပြားခဲ့တဲ့ ဇာတ်ကားပဲဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး မြန်မာရုပ်သံ ဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေထုတ်လွှင့်ပေးမှာဖြစ်ပါတယ်" ဟု အဆိုပါ ရုပ်ရှင်ဇာတ်လမ်းကို ပုံဖော်ဖန်တီးထားသူ ဒါရိုက်တာ အုန်းဝင်းက ပြောပြသည်။




အဆိုပါ ဖြတ်စ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရန်အောင်၊ မြင့်မြတ်၊ အောင်လေး၊ ခင်လှိုင်၊ ရွှေမှုံရတီ၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်၊ တက္ကသိုလ်ဝွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီတွင် CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **ASH**

# Scary Movie ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ရုံတင်ရန်စီစဉ်

**နယူးယောက် ဖေဖော်ဝါရီ ၄**

Scary Movie ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၃ ရက်သတင်းများအရ သိရသည်။

Scary Movie ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူ မာလွန်ဝါယန်းက အင်စတာဂရမ်စာမျက်နှာပေါ်တွင် အတည်ပြုထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ရှောင်ဝါးယန်းနှင့် ကင်နင်အိုင်ဗရီဗာယန်းတို့က ရေးသားပေးထားသည်။

ယခင်ထုတ်လုပ်ပြသခဲ့ပြီးဖြစ်သော Scary Movie-5 ဇာတ်ကားကိုလည်း ဝါယန်းညီအစ်ကိုများကပင် ပူးပေါင်းဖန်တီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးရုံတင်ပြသခဲ့သော Scary Movie ဟာသဇာတ်ကားမှာ Scary Movie-5 ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Scary Movie ဇာတ်ကားသစ် ရိုက်ကူးမည့် ဒါရိုက်တာနှင့် သရုပ်ဆောင်များကို Paramouunt ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တေးသံရှင် ချစ်ကောင်းနှင့် မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

တေးသံရှင် ချစ်ကောင်းနှင့် မေဆွိတို့၏ Sweet February တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden တွင် ဖေဖော်ဝါရီ ၈ ရက်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်ချစ်ကောင်းထံမှ သိရသည်။




အဆိုပါ Sweet February တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden ၌ ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်နှစ်ဦး၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Oxygen Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်နဲ့ မဆွေက ဂီတလောကမှာ သက်တမ်းတော်တော်ကြာကြာ ဖြတ်သန်းဖူးကြပေမဲ့ ကျွန်တော်က မဆွေထက် ဂီတလောကကိုရောက်တာ နောက်ကျတော့ အတူတူတွဲပြီး တေးစီးရီးမထွက်ခဲ့ဖူးသလို နှစ်ယောက်တွဲပြီးတော့လဲ ဒီလိုဂီတဖျော်ဖြေမှုမျိုး မလုပ်ခဲ့ဖူးပါဘူး။ ဒါက ပထမဆုံးမို့ စီစဉ်ပေးသူတွေကို ကျေးဇူးတင်သလို ပရိသတ်တွေလဲ ကျေနပ်နေမယ်လို့ မျှော်လင့်မိပါတယ်"ဟု တေးသံရှင် ချစ်ကောင်းက ပြောပြသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် ဖေဖော်ဝါရီ ၈ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ASH**

# SAC Chairman Prime Minister Senior General pays homage to Sangharaja Sayadaw of Cambodia and party



His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry, one of the Adhipati Sayadaws in Cambodia, pays homage to the Maravijaya Buddha Image.

**Nay Pyi Taw February 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his entourage this evening paid homage to members of the Sangha led by His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry who is one of the Adhipati Sayadaws in Cambodia, staying at KMA Hotel in Nay Pyi Taw on his pilgrimage tour of Myanmar.


First, the Senior General and party paid homage to the Adhipati Sayadaw of Cambodia and members of the Sangha. The Senior General supplicated propagation of the Sasana, building of the world's tallest carved sitting marble Buddha image namely Maravijaya Buddha Image, the pilgrimage tour of the Cambodian Adhipati Sayadaw to further cement friendly relations between two countries and to promote cooperation in religious affairs, and efforts of Myanmar to ensure continuous propagation of the Theravada Buddhism.

In his speech, the Adhipati Sayadaw of Cambodia expressed his pleasure during his pilgrimage tour of Myanmar for homage paid by the SAC Chairman Prime Minister. He stated that Myanmar and Cambodia share the same Theravāda Buddhist faith and are culturally inseparable. He also expressed pride and joy that international monk students are studying at Buddhist universities in Myanmar. He continued that he was pleased to express his joy in revering the Maravijaya Buddha Image, the world's tallest carved sitting marble Buddha image. He also extended his prayers for the good health and prosperity of the Chairman of the State Administration Council Prime Minister, and all the people of Myanmar. Furthermore, he prayed for peace, stability, and prosperity in Myanmar, conveying his loving-kindness and well wishes for the nation.

The Senior General offered a replica of marble Maravijaya Buddha Image and alms to the Cambodian Sayadaw who returned Dhamma gifts.

The Sayadaw and the Senior General posed for documentary photos.

On 2 February, the Cambodian Adhipati Sayadaw and party arrived in Yangon and visited prominent religious edifices and monuments including Shwedagon Pagoda. This evening, the Sayadaw and party visited Upatasanti Pagoda and Maravijaya Buddha Image in Nay Pyi Taw where officials conducted the Sayadaw and party round the Buddha image. During his pilgrimage tour in Myanmar, the Cambodian Adhipati Sayadaw will continue his visits to eminent stupas and temples. 100



Senior General Min Aung Hlaing offers a replica of marble Maravijaya Buddha Image and alms to the Adhipati Sayadaw.



Senior General Min Aung Hlaing accepts a Dhamma gift from the Adhipati Sayadaw.



The Adhipati Sayadaw observes marble works.

# Maize and sweet corn cultivation in Myaung Township reaches 7,924 acres



A corn plantation.

**Myaung February 4**

According to records from the Agriculture Department of Sagaing District, a total of 7,924 acres of maize and sweet corn have been cultivated in Myaung Township during the winter cropping season.

For the 2024-2025 winter cropping season, the target for maize cultivation in Myaung Township was set at 7,950 acres, with 7,224 acres allocated for seed maize and 726 acres for sweet corn. Planting began in October 2024, and as of today, 7,225 acres of seed maize and 699 acres of sweet corn—totalling 7,924 acres—have been successfully cultivated.

"The plan is to cultivate a total of 7,950 acres of maize and sweet corn in Myaung Township during this season. So far, 7,924 acres have been planted. Efforts are ongoing to meet the full target. To ensure successful crop growth, awareness programmes are being conducted to educate farmers on pest and disease prevention," said Daw Thida Lwin, the head of the Sagaing District Agriculture Department.

To support maize and sweet corn farmers in Myaung Township, the local agriculture department is providing training sessions, field demonstrations, and preventive measures against pests such as the fall armyworm. Moreover, farmers are being educated on integrated pest management, including the use of neem-based pesticides and natural repellents for ginger and chili crops.

Regarding production and costs, it is reported that seed maize yields over 50 baskets per acre, with a cultivation cost of approximately K500,000 per acre. Meanwhile, sweet corn yields around 15,000 cobs per acre, with a similar cultivation cost of over K500,000 per acre. 206

# More than 19,000 acres of groundnut successfully cultivated in Kalay Township

**Kalay February 4**

According to records from the Kalay Township Agriculture Department, a total of 19,292 acres of groundnut have been planted in Kalay Township during the winter crop planting season.

For the 2024-2025 winter crop season, the target for groundnut cultivation in Kalay Township was set at 19,283 acres. Planting began in October 2024, and as of today, 19,292 acres have been successfully cultivated, surpassing the initial target.

"The target for groundnut cultivation in Kalay Township was 19,283 acres, but we have already exceeded that, with 19,292 acres planted. The cultivation is progressing successfully. Groundnut farming is thriving, and oil crops are also in a strong position. The cultivation area has been expanding year by year," said U Naing Tun Win, the Head of the Kalay Township Agriculture Department.

In Kalay Township, farmers use 1.5 baskets of seeds per acre for groundnut cultivation. The total cost per acre, including seed expenses, labour wages, fertilizers, and pesticides, exceeds K200,000. The yield per acre is estimated to be over 50 baskets.

To ensure the success of groundnut farms, prevent pest infestations, and maintain weed-free fields, officials from the Kalay Township Agriculture Department regularly conduct field inspections and maintain monitoring records. 206



A peanut plantation.

# Pigeon pea harvest completed on 20,523 acres in Budalin Township

**Budalin February 4**

According to records from the Budalin Township Department of Agriculture, a total of 20,523 acres of pigeon pea planted during the monsoon cropping season have been harvested.

In Budalin Township, a total of 34,487 acres of pigeon pea were cultivated during the monsoon season. Harvesting began in December 2023, and as of today, a total of 20,523 acres of pigeon pea have been harvested. The yield per acre is reported to be 17.43 baskets.

"The monsoon cropping season in Budalin Township saw the cultivation of up to 34,487 acres of pigeon pea. Currently, harvesting is underway, with 20,523 acres already completed. Efforts are being made to ensure good yield performance. Farmers cultivate pigeon pea both as a separate crop and through intercropping methods," said U Phyo Wai, the head of the Budalin Township Agriculture Department.

The department has been providing farmers with guidance on selecting high-quality seeds, adopting proper cultivation techniques, pest control measures, and improving yields.

Moreover, to reduce costs for pigeon pea growers, the Agriculture Department has been promoting the combined use of domestic raw materials. This method helps lower cultivation expenses while ensuring pest-free crops and healthy plant growth. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Khin-U Township exceeds chickpea cultivation target, boosts winter crop production in Sagaing Region

**Khin-U February 4**

In Sagaing Region, Shwebo District, Khin-U Township, during the winter crop cultivation season, a total of 2,997 acres of chickpea have been successfully cultivated, according to records from the Khin-U Township Agriculture Department.

For the 2024-2025 winter crop season, Khin-U Township had planned to cultivate 2,541 acres of chickpea. Planting began in October 2024, and as of today, 2,997 acres have been completed, exceeding the initial target.

"Khin-U Township had planned to cultivate 2,541 acres of chickpea during the winter crop season. As of today, 2,997 acres have been successfully cultivated, surpassing the target. chickpea cultivation has been increasing year by year. To ensure high yield and quality of the crop, we are collaborating with farmers to provide them with high-quality seeds, necessary inputs, and post-harvest techniques," said U Nay Win Naing, the head of the Khin-U Township Agriculture Department.

In Khin-U Township, farmers primarily cultivate high-yielding and regionally suitable varieties such as Shwesin 8 and Shwesin 11 for chickpeas. It is reported that the cost of cultivating one acre of chickpeas exceeds 300,000 kyats.

During this year's winter crop season, efforts are being made to improve the yield and quality of various legume crops. This includes providing farmers with high-quality seeds, necessary inputs, and post-harvest techniques. Additionally, farmers are being encouraged to use beneficial fungi like Trichoderma in their legume cultivation. Extension activities are being carried out to connect and support farmers in adopting these practices.

Sagaing Region is the largest producer of various legumes in the country, both in terms of area and output. Legumes are cultivated as both primary and intercropped crops, making them a significant source of income for farmers in the region. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်တပ်မတော်က M-SHORAD တာတိုပစ်လေကြောင်းကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ရန် စီစဉ်နေ



အမေရိကန်တပ်မတော်သည် လက်ရှိ ယူကရိန်းပဋိပက္ခမှရရှိသော သင်ခန်းစာများအပေါ်အခြေခံကာ ၎င်း၏ Maneuver Short-Range Air Defense (M-SHO-RAD) တာတိုပစ်လေကြောင်းကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ရန်စီစဉ်နေကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေကြောင်းခြိမ်းခြောက်မှုများ၏ ပြောင်းလဲနေသော သဘောသဘာဝ ဥပမာ- မောင်းသူမဲ့လေယာဉ်စနစ်များ၊ တိုက်ခိုက်ရေးဒရုန်းများနှင့် အခြားအနိမ့်ပျံလေကြောင်း ခြိမ်းခြောက်မှုများ၏ ကျယ်ပြန့်စွာ အသုံးပြုလာနိုင်မှုတို့ကြောင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ၏လိုအပ်ချက်ကို ပိုမိုထင်ရှားစေခဲ့ပြီဖြစ်သည်။ စစ်ဘက်နှင့်စီးပွားဖြစ်သုံး ဒရုန်းများအပါအဝင် စနစ်များကို လက်နက်ဖြင့် တိုက်ခိုက်ခြင်းနှင့်လက်နက်မပါဘဲ တိုက်ခိုက်ခြင်းနှစ်မျိုးစလုံးဖြင့် တန်ပြန်လုပ်ဆောင်လျက်ရှိပြီး လေကြောင်းခြိမ်းခြောက်မှုများ၏ ရှုပ်ထွေးနက်နဲလာမှုများ တိုးပွားလာနေသည်ကို မီးမောင်းထိုးပြနေသည်။ အမေရိကန်တပ်မတော်သည် ဤသင်ခန်းစာများကို M-SHORAD ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုတွင် ထည့်သွင်းအသုံးချရန် ရည်ရွယ်ထားပြီး မောင်းသူမဲ့လေယာဉ်စနစ်များနှင့် တိုက်ခိုက်ရေးဒရုန်းများ၏ ကြီးထွားလာမှုများအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အဆင့်မြှင့်တင်သွားနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်စစ်ဘက်သည် လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်မည့်စနစ်၏ စွမ်းဆောင်ရည်ကိုစမ်းသပ်ရန် Stryker ယာဉ်တင် 50 kW လေဆာလက်နက် DE M-SHORAD လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ ရှေ့ပြေးပုံစံလေးခုကို အရှေ့အလယ်ပိုင်းဒေသသို့ ပေးပို့ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များထံမှ တုံ့ပြန်ချက်များက လက်ရှိစနစ်သည် ထိန်းကျောင်းလုပ်ဆောင်နိုင်သော စမ်းသပ်မှုများတွင် အလားအလာကောင်းများ တွေ့မြင်ရသော်လည်း လက်တွေ့စစ်မြေပြင်အခြေအနေများတွင် စိန်ခေါ်မှုများ ရှိနေသေးသည်ကို ညွှန်ပြနေလျက်ရှိသည်။ ထို့ကြောင့်လည်း အမေရိကန်စစ်ဘက်သည် ဤနည်းပညာကိုဆက်လက်မွမ်းမံနေပြီး အနာဂတ်တွင် စွမ်းအားမြင့်လေဆာစနစ်နှင့်ပတ်သက်သည့် အပြီးသတ် ဆုံးဖြတ်ချက်ကိုလာမည့် ၂၀၂၆ ခုနှစ်တွင် ချမှတ်နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

M-SHORAD စနစ်မှာ အမေရိကန်ကြည်းတပ်၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးမဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပန်ကာတပ်လေယာဉ်၊ တောင်ပံပုံသေတပ်ဒရုန်းများနှင့် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ အပါအဝင် အနိမ့်ပျံခြိမ်းခြောက်မှုများကို တိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အဆင့်တစ်ဆင့်ချင်းစီတွင် ပြောင်းလဲလာသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် တိုးမြှင့်လုပ်ဆောင်နိုင်မည့် စွမ်းဆောင်ရည်များ ပိုင်ဆိုင်လာခြင်းဖြင့် အမေရိကန်ကြည်းတပ်သည် စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံမှုများပြုလုပ်နေခြင်းလည်းဖြစ်သည်။ ကနဦးတွင် အမေရိကန်တပ်မတော်သည် တပ်ရင်းလေးရင်းတွင် M-SHORAD စနစ် ၁၄၄ စုံကို ဖြန့်ကြက်ရန်စီစဉ်ထားပြီး တစ်စုံစီတွင် တိုက်လေယာဉ်အစင်းရေ ၄၀ နှင့် ပံ့ပိုးရေးယာဉ်များနှင့် တပ်ဖွဲ့ဝင်များပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

အထူးသဖြင့် မောင်းသူမဲ့လေယာဉ်များနှင့်တိုက်ခိုက်ရေးဒရုန်းများပါဝင်သည့် လေကြောင်းခြိမ်းခြောက်မှု ရှုပ်ထွေးနက်နဲလာမှုများနှင့်အတူ အမေရိကန်စစ်ဘက်သည် ၎င်း၏ M-SHORAD လက်နက်စနစ်ကို အဆင့်မြှင့်တင်ရန် အလျင်အမြန်ကြိုးပမ်းနေခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**US Army to Enhance M-SHORAD Short-Range Air Defense Systems Based on Lessons from Ukraine Con-flict ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား-ယူကရိန်းပဋိပက္ခကိုအဆုံးသတ်ရန် နှစ်နိုင်ငံစလုံး လိုက်လျောမှုများလုပ်ဆောင်သင့်ကြောင်း ဒေါ်နယ်ထရန့်၏အထူးသံတမန်ပြောကြား

လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ရန်အတွက် အဖြေရှာရန် အောင်မြင်စွာစေ့စပ်ညှိနှိုင်းလိုပါက ရုရှားနှင့်ယူကရိန်းနှစ်နိုင်ငံစလုံးသည် အလျှော့အတင်းပြုလုပ်၍ လိုက်လျောမှုများ လုပ်ဆောင်သွားသင့်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ယူကရိန်းအထူးသံတမန်က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့ကြောင်းThe De-fense Post သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

“နှစ်ဖက်စလုံးက နည်းနည်းတော့ အလျှော့ပေးမှ ရမယ်ထင်တယ်”ဟု ယူကရိန်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အထူးသံတမန်၊ အငြိမ်းစား ဗိုလ်ချုပ်ကြီး Keith Kellogg က Fox News သတင်းဌာနနှင့် ရုပ်မြင်သံကြားအင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် စစ်မြေပြင်တွင် ၎င်း၏တပ်တည်နေရာများနှင့်ပတ်သက်၍ သဘောထားပျော့ပျောင်းလာသကဲ့သို့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း အလားတူမျိုးဖြစ်လာနိုင်သည်ဟု Kelloggက ပြောကြားခဲ့သည်။

ဇီလန်စကီးသည် ယူကရိန်းနိုင်ငံအရှေ့တောင်ဘက်ပိုင်းစစ်မျက်နှာအများအပြားကို ရုရှားတပ်ရင်း၊ တပ်ဖွဲ့များထိန်းချုပ်ထားနိုင်ခဲ့မှုအပေါ် ကာလရှည်စွာ ငြင်းဆိုထားသော်လည်း စစ်မြေပြင်တွင် ဆုံးရှုံးမှုများ များပြားလာခြင်းနှင့် အမေရိကန်နိုင်ငံ၏ ပံ့ပိုးကူညီမှုများနှင့် ပတ်သက်၍ မသေချာမရေရာမှုများကြားတွင် ဖိအားများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ရုရှားနိုင်ငံဘက်ကလည်း ယူကရိန်းအနေဖြင့် NATO အဖွဲ့တွင် မည်သည့်အခါမျှ ဖြစ်ခွင့်မရှိကြောင်း အာမခံချက်တောင်းဆိုထားသည်။ ဒေါ်နယ်ထရန့်၏ သမ္မတရာထူးအတွက် မဲဆွယ်စည်းရုံးစဉ်အတွင်း သုံးနှစ်နီးပါး ကြာမြင့်နေသည့်ပဋိပက္ခကို အမြန်အဆုံးသတ်ရန် ကတိပြုခဲ့သော်လည်း မည်သို့မည်ပုံလုပ်ဆောင်ရန် မျှော်လင့်ထားကြောင်း အသေးစိတ်အချက်အလက် အနည်းငယ်ကိုသာ အရိပ်အမြွက် ဖော်ပြခဲ့ပြီးဖြစ်သည်။



ရုရှားနိုင်ငံသည် ယူကရိန်းနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်သည်ဟု ရုရှားသမ္မတပူတင်က ပြောကြားခဲ့သော်လည်း ဇီလန်စကီးနှင့် တိုက်ရိုက်စကားပြောဆိုခြင်းကိုပယ်ချခဲ့ပြီး ဇီလန်စကီး၏ သမ္မတသက်တမ်း ကုန်ဆုံးသွားသောကြောင့် တရားမဝင်တော့ဟု ထောက်ပြပြောဆိုခဲ့သည်။ ယူကရိန်းနိုင်ငံသည် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း စစ်အုပ်ချုပ်ရေးစနစ်ဖြင့် ရွေးကောက်ပွဲမကျင်းပနိုင်သေးကြောင်း၊ ဤအချက်ကိုလည်း ယူကရိန်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားပြီးဖြစ်ကြောင်း Kellogg က တုံ့ပြန်ပြောကြားသွားခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်တွင် Kellogg က Fox News သတင်းဌာနသို့ ဒေါ်နယ်ထရန့်အနေဖြင့် အဆိုပါပဋိပက္ခ အဆုံးသတ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားရန် ဆန္ဒရှိနေကြောင်းနှင့် တစ်စုံတစ်ခု အကျိုးရလဒ်ဖြစ်ထွန်းလိမ့်မည်ဆိုသည့်အပေါ်ယုံကြည်ထားသည်ဟု အခိုင်အမာပြောကြားခဲ့ကြောင်း သိရသည်။

သတင်းဌာနဘက်က အချိန်ကာလမည်မျှကြာနိုင်သနည်းဟု မေးမြန်းခဲ့ရာတွင် နှစ်ချီစောင့်ရန်မလိုဘဲ လပေါင်းမျှသာကြာမြင့်နိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**Both Ukraine, Russia Must ‘Give a Little:’ Trump Envoy ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းခရိုင်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းနှမ်း ၄၄၅၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် နှမ်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းနှမ်း ၄၄၅၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် နှမ်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင်၁၉၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧကနှင့် မြောင်မြို့နယ်တွင် ၄၁၁၂ ဧက စုစုပေါင်း ၄၄၅၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

''လာမဲ့ နှမ်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်းနှမ်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက် ရှိပါတယ်''ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် နှမ်းနှမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**သာပေါင်း ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင်ဆောင်းသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌မြေပဲ၂၆၃၅ ဧကကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် စတင်လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲဧက၂၈၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မြေပဲများလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ဆောင်းသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာမြေပဲ ၂၆၃၅ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧက ၂၈၉၀စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲတွေ အပါအဝင် ဆောင်းသီးနှံတွေကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူ အသိပညာပေး လုပ်ငန်းတွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ သာပေါင်းမြို့နယ်က တောင်သူတွေက ဆီထွက်သီးနှံမြေပဲတွေကို စိုက်ဖူးတဲ့ အတွေ့အကြုံ ရှိထားပြီးသားလဲ ဖြစ်ပါတယ်။ ဒါကြောင့် အခက်အခဲမရှိ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်တာပါ''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူ ကပြောသည်။



မြေပဲ အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လင်းခေးမြို့နယ် ပုန်းထွန်-နောင်တောင်လော ကျေးရွာကုန်ထုတ်လမ်းပေါ်တွင် တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ပုန်းထွန် – နောင်တောင်လော ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ပုန်းထွန်–နောင်တောင်လောကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းပေါ်၌ အရှည်ပေ၃၀၊အကျယ် ၁၆ ပေ၊ အမြင့်၁၆ပေရှိ ကွန်ကရစ်တံတားနှင့် အရှည်ပေ၃၀၊ အကျယ် ၁၈ ပေ၊ အမြင့်ကိုးပေရှိ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၃၂၉ သန်း အသုံးပြု၍ ECOPURE ကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။

မင်းမြင့်မိုရ်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးထံ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ် ဆက်ကပ်လှူဒါန်းစဉ်။



မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ဘုရားဖူး လာရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ဖူးမြော်မှုအတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ကမ္ဘော ဒီးယားနှစ်နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုတွင်တူညီပြီး ယဉ်ကျေးမှုဆိုင်ရာ များတွင်လည်း ခွဲခြား၍မရသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ် များတွင် နိုင်ငံတကာမှ စာသင်သားရဟန်း များလာရောက်၍ သင်ယူနေမှုများအတွက် လည်း မြန်မာနိုင်ငံအတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း၊ ယခုကဲ့သို့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည် နိုင်ငံကြီးတည်ငြိမ်အေးချမ်းပြီး သာယာဝပြော စေကြောင်းဖြင့် ဆုတောင်းစကားကို ပြန်လည်မိန့်ကြားတော်မူပြီး မြန်မာ နိုင်ငံအတွက် မေတ္တာပို့ဆုတောင်း ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော် ကြီးထံသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များပေးအပ်သည်။

၎င်းနောက် အဓိပတိဆရာတော်ကြီးနှင့်





ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခဲ့သည့် အခြေအနေများ၊ ယခုကဲ့သို့ ခရီးစဉ်ကြွရောက်လာသည့် အတွက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီး မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး သာသနာတော် ဆိုင်ရာကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင် ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ အနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆိုင်ရာများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင် ပြသည်။

ထိုသို့ လျှောက်ထားတင်ပြရာ ကမ္ဘော ဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက ထားကိုးကွယ်မှုအတွက်လည်း ဝမ်းမြောက် ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြစေကြောင်းနှင့် မြန်မာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးနှင့်အဖွဲ့ဝင်များသည် ယခုလ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် အချို့သောတိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာ နေရသည့်နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအား အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ထောက်ပံ့ ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီး အကဲအနေဖြင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လိုအပ်သည့်ထောက်ပံ့ချီးမြှင့်မှုများလျာထား စီစဉ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များအနေဖြင့် ယာယီနေရပ် စွန့်ခွာနေကြရသူများ၏ စာရင်းများကောက် ယူထားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအနေဖြင့် နှစ်စဉ်ခွဲဝေ ပေးရန် သတ်မှတ်ထားသည့် ရန်ပုံငွေအပြင် ယခုနှစ်တွင် ရာဂိမုန်တိုင်းတိုက်ခတ်မှု အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်ရန်အတွက် ရန်ပုံငွေများ ထပ်မံ ဖြည့်ဆည်းပေးထားပါကြောင်း။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့်အဖွဲ့ဝင်များ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မော်ကွန်းတိုက်နှင့် ကျောက်စာရုံစေတီအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

၂ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် သာသနိကအဆောက်အအုံများနှင့် သာသနာတော်ဆိုင်ရာများကို သွားရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြကြောင်း၊ ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ် အတွင်း တန်ခိုးကြီးဘုရားစေတီပုထိုးများကို ဆက်လက် ဖူးမြော်ကြည်ညိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးသို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုတို့ ပါဝင်ပါကြောင်း၊ယင်းဥပဒေရည်ရွယ်ချက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ပါဝင်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးဖြစ်သူများအားလုံးကို စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့ချီးမြှင့်ခြင်းနှင့် သင့်လျော်သည့်ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်လည်းကိုက်ညီပါကြောင်း၊ ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်ရာတွင် ထိခိုက်မှုအရေအတွက် စာရင်း၊ ပေးအပ်မည့်နည်းလမ်း၊ လူဦးရေ၊ ငွေပမာဏနှင့်အချိန်တို့စနစ်တကျဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ထောက်ပံ့ချီးမြှင့်ရာတွင် စာရင်းဇယားမှန်ကန်စေရန် ကြိုတင်စီမံ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ချီးမြှင့်သွားမည့် နည်းလမ်း၊ ပေးအပ်မည့်အကြိမ်ရေနှင့် နှုန်းထား၊လုပ်ထုံးလုပ်နည်း၊စာရင်းဇယားမှန်ကန်ပြီးစနစ်တကျဖြစ်စေရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထောက်ပံ့ချီးမြှင့်ငွေများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ အလေအလွင့်မဖြစ်စေရေး၊ ရသင့်ရထိုက်သူများ ရရှိစေရေးနှင့် အခြားနေရာများသို့ မရောက်ရှိစေရန်လိုကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ယာယီနေရပ်စွန့်ခွာနေကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်မိသားစုများ၊ ပြည်သူများအနေဖြင့် စာရင်းဇယားတိကျမှန်ကန်စေရေးအတွက် မိမိတို့ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ လူဦးရေစာရင်းများကို သတင်းပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန




**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန
(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန
(https://www.moi.gov.mm)
၄။ Myawady Webportal
(https://myawady.net.mm)
၅။ Myanmar National Portal
(https://myanmar.gov.mm)

# မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ကို လက်ခံတွေ့ဆုံစဉ်။



# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တွေ့ဆုံနှုတ်ဆက်၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ပါဝင်ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း စားရိပ်သာ၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့် တည်းခိုဆောင်များ၊ ခရီးသွားလက်မှတ်အရောင်းဌာန၊ Sim Card နှင့် ငွေဖြည့်ကတ်အရောင်းဆိုင်ခန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း(BPI) ဆေးဝါးအရောင်းဆိုင်ခန်း၊ အဝတ်အထည်နှင့် စတီးလ်အိမ်သုံးပစ္စည်းအရောင်းဆိုင်ခန်း၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်ခန်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများကို လှည့်လည်ကြည့်ရှုသည်။

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ အပြန်အလှန်ဖလှယ်နိုင်ရန် ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၆ ဦး၊ ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၃၃ ဦး၊ ကရင်ပြည်နယ်မှ ဦးရေ ၄၀၊ ချင်းပြည်နယ်မှ ၃၃ ဦး၊ မွန်ပြည်နယ်မှ ၃၈ ဦး၊ ရခိုင်ပြည်နယ်မှ ၃၉ ဦး နှင့် ရှမ်းပြည်နယ်မှ ဦးရေ ၄၀ စုစုပေါင်း ၃၀၄ ဦး ရောက်ရှိကြောင်း သိရသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက်တပေါင်းကွင်း၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည့် ကွင်းအတွင်း ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ MSME ထုတ်ကုန်ပစ္စည်းပြခန်းများ တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်းနှင့် Set Top Box များ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်းအစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ဌာနဆိုင်ရာအကြီးအကဲများ၊မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းမြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တပ်မတော်သားများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလတွင်သာမက အငြိမ်းစားဘဝရောက်ရှိသည့်အချိန်ထိတိုင် နိုင်ငံ့အကျိုးကို ထမ်းဆောင်လျက်ရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့် တပ်မတော်နှင့်အတူလက်တွဲပြီး သင့်တော်သည့်ကဏ္ဍများတွင် နိုင်ငံတော်တည်ငြိမ်ရေးပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊တပ်မတော်သားများနှင့်မိသားစုဝင်များအားလုံး သတင်းတု၊သတင်းမှားများကို ဆန်းစစ်ဝေဖန်နိုင်ပြီး သတင်းမှန်ကို ခွဲခြားသိရှိမှသာ ဆောင်ရွက်ချက်များ ပိုမိုတန်ဖိုးရှိမည်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့သို့ ယခုလိုလှူဒါန်းရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်းအစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ တို့ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(ငြိမ်း)နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(ငြိမ်း)က ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် များစွာအကျိုးကျေးဇူး ရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းများနှင့် မိသားစုဝင်များအား အသိအမှတ်ပြုသည့်အတွက် အားတက်ရပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ကျောင်းသား၊ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သွားရောက်တွေ့ဆုံ

**နေပြည်တော်ဖေဖော်ဝါရီ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်နှင့်အတူ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်း အမှတ်(၅) မိုးစွေသို့သွားရောက်၍ တောတွင်းလက်တွေ့လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ တတိယနှစ်ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်ပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင်ကြိုးစားသွားရန် လိုကြောင်း၊ ထို့ပြင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအတွက်လည်း အခွင့်အလမ်းများစွာရှိကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ကြားပေးသည့် တက္ကသိုလ်ဖြစ်သည့်အပြင် သုတေသနဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်နေသည့်အတွက် သုတေသနလေ့လာမှုများကိုလည်း ဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် စာတွေ့သင်ခန်းစာများနှင့် ယခုတောတွင်း လက်တွေ့ ကွင်းဆင်းဆောင်ရွက်မှုများ ပေါင်းစပ်၍ ကြိုးစားလေ့လာသင်ယူသွားရန်၊ ကျောင်းသား၊ ကျောင်းသူအချင်းချင်း Team Work ဖြင့် ဆောင်ရွက်သွားရန် မှာကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ၏ တောတွင်းကွင်းဆင်းဆောင်ရွက်နေမှုနှင့် သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် တတိယနှစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုတောတွင်း လက်တွေ့ကွင်းဆင်းရာတွင် တောအမျိုးအစားခွဲခြားခြင်းနှင့် သစ်မျိုးခွဲခြားခြင်း၊ သစ်တောမြေဆီလွှာနှင့် သစ်တောမြေတိုင်းတာခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်နှင့် အကွက်နယ်နိမိတ်စစ်ဆေးခြင်းနှင့် နယ်နိမိတ်ဘုတ်တိုင်များ ပြင်ဆင်ခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတွင် ကျရောက်တတ်သော ပိုးမွှားများ ကာကွယ်ခြင်း၊ စိုက်ခင်းဟောင်းများ မီးကာကွယ်ခြင်း၊ သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၏အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊တိုင်းဒေသကြီး၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာန၏ လက်အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၏ သက်မွေးလုပ်ငန်းများအရည်အသွေးမြှင့်တင်နိုင်ရေးနှင့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များပိုမိုပေါ်ထွန်းလာစေရေး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူဖြစ်သည့် သင်တန်းများဖြစ်သဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်သာမက အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပြီး ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားပြီး အိမ်တွင်းမှုပညာရပ်များကို ပြည်သူများလက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ကျောင်းအခြေပြုသင်တန်း၊ရပ်ရွာအခြေပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဆန်းသစ်သောနည်းပညာများကို စဉ်ဆက်မပြတ်သင်ကြားပေးနိုင်ရန်၊ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလိုအပ်သောအသက်မွေးပညာရပ်များကို အသုံးချနိုင်သည်အထိ သင်ပေးရန်နှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ကြရန် မှာကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လာကြသည့် တာဝန်ရှိသူများက အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအဆင့်မြှင့်တင်နိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

ကဏ္ဍများအလိုက် လစ်ဟာမှုမရှိစေရေး စနစ်တကျကြပ်မတ် အလေးထားကာ အချင်းချင်း ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီ၊လုပ်ငန်းကော်မတီများမှ အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး၊ စတုဒိသာကျွေးမွေး ဧည့်ခံရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ပျော်ပွဲရွှင်ပွဲများကျင်းပရေး၊ စာပေဟောပြောပွဲ၊စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများ ဆုများချီးမြှင့်သွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၁ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြပွဲ၊ ပြိုင်ပွဲများကို ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ဖွဲ့စည်းတာဝန်ပေးထားသည့်အတိုင်း ရည်ရွယ်ချက်များကို အောင်မြင်စွာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အချင်းချင်းချိတ်ဆက်ကာ လုပ်ငန်းလိုအပ်ချက်များ မရှိစေရေး ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပြိုင်ပွဲအားလုံးအတွက် ဆုများချီးမြှင့်သွားမည့် အစီအစဉ်များ၊ ပြပွဲ၊ ပြိုင်ပွဲလာပရိသတ်များကို တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ အနုပညာရှင်များက သီဆိုဖျော်ဖြေသွားမည့် အစီအစဉ်များနှင့် လုပ်ငန်းကော်မတီအလိုက် တာဝန်ခွဲဝေချထားပေးမှုများကို လည်းကောင်း၊ လုပ်ငန်းကော်မတီဝင်များက ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့်ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ၂၁ ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်(၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု)သက်တော် ၉၀ နှစ် သိက္ခာဝါ ၇၀ ရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၇ ရက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ (၄-၂-၂၀၂၅)

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ"**နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ**" ခေါင်းစဉ်ဖြင့် ၅-၂-၂၀၂၅ ရက်(**ယနေ့**) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ**"ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျိုင်းတုံမြို့ လောကသရဖူစေတီတော်မြတ်ကြီး ပင်မစေတီတော် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူ စေတီတော်မြတ်ကြီး၏ ပင်မစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ တူယားကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိနှင့် သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဝဇီပိတ်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ တူယားကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဝဇီပိတ်ဆရာတော်က ဦးဆောင်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လောကသရဖူစေတီတော်မြတ်ကြီး၏ ပင်မစေတီတော် တည်ထားကိုးကွယ်မည့်နေရာတွင် ရတနာအုတ်မြစ်များ စီခြယ်ပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကျိုင်းတုံမြို့ ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူ စေတီတော်မြတ်ကြီး၏ ပင်မစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်








တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၄၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၄၃ ဦး၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါဦးရေ ၉၀ နှင့် သွားနှင့်ခံတွင်းရောဂါဦးရေ ၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ၁၄ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"နား၊ နှာခေါင်း၊ လည်ချောင်း လာပြတာရှင့်။ အရမ်းလည်းကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ခရီးလမ်းက သွားရလာရတာဝေးတော့ အခုလိုမျိုး နယ်လှည့်ဆေးကုသဘော်ကြီး လာပြီးတော့ ဆေးကုပေးတဲ့အတွက် အများကြီးအဆင်ပြေပါတယ်။ ဟိုအရင်နှစ်တွေတုန်း



ကလည်း နယ်လှည့်ဆေးကုသဘော်ကြီးက ဆေးလာကုပေးဖူးပါတယ်။ အဲ့ဒီတုန်းကကျတော့ မျက်စိလာပြတာပါ။ အဲ့ဒီတုန်းက မျက်စိက မျက်စဉ်းဆေး ပေးလိုက်တာနဲ့တင် ပျောက်ကင်းသက်သာသွားပါတယ်။ အစစအရာရာ အားလုံးအဆင်ပြေတယ်ပေါ့နော်။ ဆရာဝန်တွေက စေတနာလည်းထားပြီး ကုသပေးပါတယ်။ ငွေကုန်ကြေးကျကတော့ အများကြီးသက်သာတာပေါ့ရှင်။ ကျွန်မတို့အနေနဲ့ဆိုရင် ပုသိမ်မြို့ထိ သွားရောက်ပြီးတော့ ဆေးခန်း သွားပြရတာပါ။ အခုလို လာရောက်ကုသပေးတော့ ဆိုင်ကယ်လေးနဲ့ လာလိုက်ရုံပါပဲ။ လမ်းစရိတ်ကလည်း အများကြီးသက်သာပါတယ်။ ဆေးကုသစရိတ်တွေလည်း အများကြီး သက်သာသွားပါတယ်။ အခုလို လာရောက်ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အများကြီးကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောပြသည်။

"ကျွန်တော် အရိုးအကြောရောဂါဖြစ်လို့ လာပြတာပါ။ လေ့ကျင့်ခန်းလုပ်ဖို့ ပြောပါတယ်။ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်။ ကျွန်တော်က ကျောက်ကပ် အဆင့်(၄) ဖြစ်နေတဲ့အခါကျတော့ အကိုက်အခဲပျောက်ဆေး သိပ်ပေးလို့မရဘူးပေါ့နော်။ အဲ့ဒါကြောင့် လေ့ကျင့်ခန်းတွေကို ပိုပြီးလုပ်ဖို့ပြောပါတယ်။ ပါရဂူတွေနဲ့ ပြဖို့ဆိုတာက ကျွန်တော်တို့အနေနဲ့ ပုသိမ်တို့၊ ရန်ကုန်တို့ကိုသွားမှ ပြလို့ရမှာဖြစ်တာပေါ့။ ကျွန်တော်ကတစ်ယောက်ထဲ သွားပြလို့ကလည်း အဆင်မပြေဘူးလေ။ မိသားစုက လိုက်ပေးမှရတာပါ။ မိသားစုကလည်း လူနည်းတဲ့အခါကျတော့ သွားဖို့တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို ပါရဂူတွေလည်း စုံစုံညီညီလေး ရောက်လာတဲ့အခါကျတော့ လိုက်ပြသရတာ အထူးပဲအဆင်ပြေတာပေါ့။ သမားတော်ကြီးတွေ လာရောက်ပြီးတော့ ကုသ



ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အခုလိုကုသလို့ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်ခင်ဗျာ" ဟု ပြောပြသည်။ (၅၀၁)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ








**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၉၃၀ တန်၊ အခြားသစ် ၂ ဒသမ ၈၅၁ တန်နှင့် ဆက်စပ်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၄၄၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၃ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း၃၆ မျိုး ခန့်မှန်းတန်ဖိုးငွေ ၂၅၃၆၀၃၁၈ ကျပ်၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai KMEFG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၈၆၃၆၀၃၁၈ ကျပ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ဖမ်းဆီး ရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၂၀၅၄၂၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၈၈၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၅၉၃၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေ ၆၇၂၆၁၈၂၂၈ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။

သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူ တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များကမီးရှို့ဖျက်ဆီးပြီး ပြည်သူ တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်းဝင်ရောက်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းမှားသာဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကိုမီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# ချမ်းမြသာစည်၊ ပုသိမ်ကြီးနှင့် အင်းစိန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီတွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ တည်းခိုခန်းတွင် တည်းခိုနေထိုင်သည့် မင်းမင်းသန့်၏ အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀၀၊ ထိုနေ့ နံနက် ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ပတ္တမြားလမ်းရှိ အောင်အောင်(ခ)အောင်လေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ဝ၅ ကီလို၊ ဆေးခြောက် တစ်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

# အိန္ဒိယ-အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မှုအတွက် စောင့်ကြိုနေသော စိန်ခေါ်မှုများ

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် ယခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်ထိ နယူးဒေလီသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ပရာဘိုဝိုသည် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ၇၆ နှစ်မြောက် အိန္ဒိယနိုင်ငံအမျိုးသားနေ့အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။ နှစ်နိုင်ငံသည် ပင်လယ်ရေကြောင်းနှင့် ဆိုက်ဘာလုံခြုံရေး၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်တို့တွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

ပင်လယ်ရေကြောင်း ဘေးကင်းမှုနှင့်လုံခြုံမှု၊ ကျန်းမာရေး၊ တိုင်းရင်းဆေးဝါး၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးတွင်ပူးပေါင်းဆောင်ရွက်ရေးတို့ပါဝင်သည့် နားလည်မှုစာချွန်လွှာငါးခု လက်မှတ်ရေးထိုးခြင်းအပြင် နှစ်ဖက်စလုံးသည် အွန်လိုင်းပေါ်၌ လူမျိုးရေးအစွန်းရောက်ဝါဒပျံ့နှံ့မှုကို တားမြစ်ခြင်းနှင့် အစွန်းရောက်အတွေးအခေါ်များတုံ့ပြန်ရေး၊ ယန္တရားများခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းတို့တွင် အတူတကွလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြောင်း၊ ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် ရထားလမ်းများအပါအဝင် အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များကို တံခါးဖွင့်ပေးထားကြောင်း ပရာဘိုဝိုက ပြောကြားသွားခဲ့သည်။

ပရာဘိုဝို၏ခရီးစဉ်မတိုင်မီ အိန္ဒိယသတင်းမီဒီယာများက အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိသော စာချုပ်လက်မှတ်ရေးထိုးသွားမည်ဟု မျှော်လင့်ရကြောင်း၊ စာချုပ်ချုပ်ဆိုရေးအတွက် ဘတ်ဂျက်အကန့်အသတ်များကို ဖယ်ရှားပြီးဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားသမ္မတ၏ခရီးစဉ်အတွင်း စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အပြီးသတ်ဆွေးနွေးမှုများလုပ်ဆောင်သွားလိမ့်မည်ဟုဖော်ပြခဲ့သည်။

ပရာဘိုဝို၏ခရီးစဉ်အတွင်း BrahMos ခရုဇ်ဒုံးကျည်စာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကြေညာချက်မျှ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပေ။ အမှန်တော့ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက BrahMos ခရုဇ်ဒုံးကျည်နှင့်စပ်လျဉ်း၍ သီးသန့်ဆွေးနွေးမှုများကို ကောက်ချက်ချပြောကြားရန်ရှောင်ရှားခဲ့ပြီး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာဆွေးနွေးခဲ့သည်။

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ BrahMos ခရုဇ်ဒုံးကျည်ရောင်းချရေးနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာရန် ထူးခြားသောတိုးတက်မှုများရရှိခဲ့ဖွယ်မရှိပေ။

မည်သို့ပင်ဆိုစေ ပရာဘိုဝိုသည် အိန္ဒိယခရီးစဉ်အတွင်း ဝန်ကြီးချုပ် နရင်ဒရာမိုဒီ၏ရှေ့မှောက်တွင် BrahMos ခရုဇ်ဒုံးကျည်ထုတ်လုပ်သည့် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်ဒိုနီးရှားရေတပ်ဦးစီးချုပ် မိုဟာမက်အလီဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် BrahMos ခရုဇ်ဒုံးကျည်ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာခဲ့သည်။ လာမည့်သတင်းပတ်အနည်းငယ်အတွင်း အင်ဒိုနီးရှားကာကွယ်ရေးအဆင့်မြင့်ကာကွယ်ရေးအဖွဲ့သည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသွားရန် အိန္ဒိယနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် BrahMos ခရုဇ်ဒုံးကျည်ဝယ်ယူရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံကို စိုးရိမ်ပူပန်လျက်ရှိသည့်အပြင် ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချက်များရှိနေသဖြင့် BrahMos ခရုဇ်ဒုံးကျည်များဝယ်ယူရန် နှောင့်နှေးကြန့်ကြာနေဖွယ်ရာရှိသည်။ အိန္ဒိယအနေဖြင့် ဒုံးကျည်ဝယ်ယူမှုအတွက် ငွေပေးချေမှုကန့်သတ်ချက်ဖြေလျှော့ပေးသွားမည်ဆိုလျှင် ဘဏ္ဍာရေးအကျပ်အတည်းများကို ကျော်လွှားသွားနိုင်ဖွယ်ရာရှိသော်လည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပိုမိုဆွေးနွေးသွားလိုသည့်ဆန္ဒရှိနေသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏တုံ့ပြန်ဆောင်ရွက်လာမှုအပေါ် စိုးရိမ်ပူပန်မှုသည် အတားအဆီးအဖြစ် ဆက်လက်တည်ရှိနေဖွယ်ရာရှိ သည်။ ထိုအတားအဆီးကို ကျော်ဖြတ်ရန်သည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။

ထို့ပြင် ဆူမားတြားကျွန်းမြောက်ပိုင်း၌ မဟာဗျူဟာမြောက်တည်ရှိနေသော Sabang ဆိပ်ကမ်းတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဖြစ်နိုင်ခြေလေ့လာ



မှုကို ၂၀၂၃ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်နိုင်ခဲ့သော်လည်း ၎င်းဆိပ်ကမ်းစီမံကိန်းတိုးတက်မှုကို အနည်းငယ်သာလုပ်ဆောင်နိုင်ခဲ့သည်။ ၎င်းဆိပ်ကမ်းသည် အင်ဒိုနီးရှားနိုင်ငံ၏ အာချေးပြည်နယ်နှင့် အိန္ဒိယ၏ အမ်ဒမန်နှင့်နီကိုဗာကျွန်းစုများကြား ချိတ်ဆက်နိုင်မည့် ကနဦးခြေလှမ်းပင်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်သည် အိန္ဒိယနှင့်အင်ဒိုနီးရှားတို့ကို ပိုင်းခြားထားဖွယ်ရာရှိသော်လည်း အမ်ဒမန်နှင့်နီကိုဗာကျွန်းစုများသည် အင်ဒိုနီရှားနိုင်ငံနှင့် ပင်လယ်ရေကြောင်းဆက်စပ်လျက်ရှိသောကြောင့် စင်စစ်အားဖြင့် နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့်စီးပွားရေးဆိုင်ရာတို့တွင် နက်ရှိုင်းသောဆက်ဆံရေးများ ထူထောင်ထားရှိသည်။ လွတ်လပ်ရေးတိုက်ပွဲအလွန် အစောပိုင်းကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ခိုင်မာအားကောင်းခဲ့သည်။ နှစ်နိုင်ငံစလုံးသည် ကိုလိုနီလက်အောက်ကျရောက်ခဲ့ရပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အပြန်အလှန်ကူညီခဲ့ကြသည်။ အဆိုပါအတွေ့အကြုံများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာများတွင် ၎င်းတို့၏အမြင်ကိုပုံဖော်တည်ဆောက်နိုင်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုတွင် ပူးတွဲထူထောင်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော် ၁၉၆၂ ခုနှစ် တရုတ်-အိန္ဒိယစစ်ပွဲကာလတွင် အင်ဒိုနီးရှားသည် အိန္ဒိယနှင့်စည်းလုံးမှုအနည်းငယ်သာပြသခဲ့ပြီး ၁၉၆၅ ခုနှစ် အိန္ဒိယ-ပါကစ္စတန်စစ်ပွဲတွင် ပါကစ္စတန်ကိုထောက်ခံခဲ့သည့်အပြင် လက်နက်ခဲယမ်းများကိုပင်လျှင် ပေးပို့ကူညီခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်း တိုးတက်လာလျက်ရှိသည်။ စီးပွားရေးနှင့်ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးတက်လာခဲ့သည်။

အထူးသဖြင့် အိန္ဒိယ-ပါကစ္စတန် ပဋိပက္ခတွင် အင်ဒိုနီးရှား၏ရပ်တည်ချက်အပေါ် အိန္ဒိယ၏ တုံ့ပြန်မှုသည် ယခင်ကထက် ပိုမိုသက်ဝင်လှုပ်ရှားလာလျက်ရှိသည်။ ထို့ကြောင့် မကြာသေးမီနှစ်များအတွင်းပြုလုပ်ခဲ့သည့် အစ္စလာမ့်နိုင်ငံများအဖွဲ့၏ တံခါးပိတ်အစည်းအဝေးများ၌ အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယ၏ကက်ရှ်မီးယားမူဝါဒအပေါ် အပြင်းအထန်ဝေဖန်ထားသော ထုတ်ပြန်ချက်များကို အတည်ပြုပေးရန် ဆန္ဒမရှိခဲ့ပေ။ ထို့ပြင် ပရာဘိုဝိုသည် အိန္ဒိယသို့ သွားရောက်လည်ပတ်ပြီးနောက် ပါကစ္စတန်နှင့်ပူးပေါင်းဆောင်ရွက်မှုကို အိန္ဒိယက မလိုလားသဖြင့် ပါကစ္စတန်သို့သွားရောက်လည်ပတ်မည့်အစီအစဉ်ကိုလည်း ဖျက်သိမ်းခဲ့သည်။

သို့သော် အိန္ဒိယ-အင်ဒိုနီးရှား ကုန်သွယ်မှုကဏ္ဍသည် ပူးပေါင်းဆောင်ရွက်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၂၉ ဒသမ ၄ ဘီလီယံအထိတိုးတက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံထိရရှိရန် မျှော်မှန်းထားရှိသည်။ နှစ်နိုင်ငံသည် ပြီးပြည့်စုံသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(RCEP)ကို ၂၀၁၁ ခုနှစ်ကတည်းက ဆွေးနွေးလျက်ရှိသော်လည်း အနည်းငယ်သာ တိုးတက်မှုရှိခဲ့သည်။

ထို့ပြင် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် ရေတပ်စစ်ရေးလေ့ကျင့်ခန်းများ၊ အပြန်အလှန်ဖလှယ်မှုများနှင့်စစ်ရေယာဉ်များ သွားရောက်လည်ပတ်ခြင်းအားဖြင့် တိုးတက်လာလျက်ရှိသည်။ စစ်သုံးပစ္စည်းများ ဝယ်ယူမှုနှင့် ပူးတွဲထုတ်လုပ်မှုတို့သည် ပူးပေါင်းဆောင်ရွက်မှုပိုမိုတောင့်တင်းခိုင်မာလာစေမည်ဖြစ်သည်။

သို့သော် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက မဟာဗျူဟာမြောက်ရေလမ်းကြောင်းကို ဝေဟင်နှင့်ပင်လယ်ပြင်ပေါင်းစပ်ကင်းလှည့်ရေးအတွက် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သောလေးနိုင်ငံသဘောတူညီချက်ဖြစ်သည့် မလက္ကာရေလက်ကြားကင်းလှည့်မှုတွင်ပါဝင်ရန် အိန္ဒိယ၏ကမ်းလှမ်းချက်ကို အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့က ခါးခါးသီးသီးငြင်းပယ်ခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

၎င်းက အမ်ဒမန်နှင့် နီကိုဗာကျွန်းများသည် မလက္ကာရေလက်ကြားနှင့် နီးစပ်နေသောကြောင့် ကင်းလှည့်မှုတွင် အိန္ဒိယ၏ပါဝင်ဆောင်ရွက်မှုသည် ရေလက်ကြား၏လုံခြုံရေးစနစ်ကို တောင့်တင်းခိုင်မာစေမည်ဖြစ်ကြောင်း၊ သို့သော် အိန္ဒိယအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်မှုကိုထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားသွားခဲ့သည်။

အိန္ဒိယကဲ့သို့ပင် အင်အားကြီးနိုင်ငံဖြစ်သော အင်ဒိုနီးရှာနိုင်ငံသည် ၎င်း၏အနီးအနားသို့ ပြင်ပမှ အင်အားကြီးနိုင်ငံများ ဝင်ရောက်လာခြင်းအပေါ် ဘဝင်မကျဖြစ်နေပြီး အိန္ဒိယ၏ဒေသပြင်ပရည်မှန်းချက်များ ကြီးထွက်လာမှုအပေါ်တွင်လည်း စိုးရိမ်မကင်းဖြစ်ပေါ်လျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာသောကြောင့် မလက္ကာရေလက်ကြား ကင်းလှည့်မှုအတွေ့အကြုံသည် အိန္ဒိယနိုင်ငံကို အင်ဒိုနီးရှားနှင့်ထိတွေ့ဆက်ဆံရာ၌ လမ်းညွှန်ချက်ဖြစ်သင့်ကြောင်း၊ အင်ဒိုနီးရှား၏အချုပ်အခြာအာဏာဆိုင်ရာစိုးရိမ်ပူပန်မှုများအပေါ် ပိုမိုနားလည်တုံ့ပြန်နိုင်မှုသည် Sabang ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော လုပ်ငန်းသစ်များတိုးတက်မှုကို ဦးတည်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အမှန်တော့ အိန္ဒိယနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံစလုံးသည် တရုတ်နိုင်ငံ၏စစ်အင်အားကြီးထွားလာမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသောကြောင့် တရုတ်အကြောင်းခံသည့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ခိုင်မာသောအခြေခံအဖြစ် အထောက်အကူပြုလျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ပရာဘိုဝိုသည် အင်ဒိုနီးရှားနိုင်ငံ၏ကာလရှည်ကြာဆွဲကိုင်ထားသော လွတ်လပ်ပြီးတက်ကြွသောနိုင်ငံခြားရေးမူဝါဒကို ထိန်းသိမ်းထားရန် အခိုင်အမာဆုံးဖြတ်ထားလျက်ရှိသည်။ ၎င်းအနေဖြင့် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ခိုင်မာသောစီးပွားရေးဆက်ဆံရေးကြောင့် တရုတ်နိုင်ငံဘက်ယိမ်းယိုင်မှုအပေါ် ဆန့်ကျင်သွားဖွယ်ရာမရှိပေ။ ပရာဘိုဝိုသည် ၂၀၂၄ ခုနှစ်အတွင်း အင်ဒိုနီးရှားသမ္မတအဖြစ် ရွေးကောက်ခံရကတည်းက တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးနှစ်ကြိမ် သွားရောက်ခဲ့ပြီးဖြစ်သည့်အတွက် တရုတ်နှင့်ဆက်ဆံရေးတည်ဆောက်ရာတွင် အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ ဆိုရလျှင် အိန္ဒိယအနေဖြင့် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံကို ချဉ်းကပ်ရာတွင် စိန်ခေါ်မှုဖြစ်စေနိုင်သည်။ ထို့ကြောင့် အိန္ဒိယနှင့်အင်ဒိုနီးရှားနှစ်နိုင်ငံစလုံးအနေဖြင့် တရုတ်အကြောင်းတရားကိုကျော်လွန်ကာ ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များကို ရှာဖွေဖော်ထုတ်သွားရန်လိုအပ်လျက်ရှိပေသည်။

အထူးသဖြင့် ပရာဘိုဝိုအစိုးရအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်များခိုင်မာတောင့်တင်းလာရန် စိတ်အားထက်သန်လျက်ရှိပြီး လာမည့်နှစ်များအတွင်း ကာကွယ်ရေးအသုံးစရိတ်များကို သိသိသာသာမြှင့်တင်သွားမည်ဟု မျှော်မှန်းရပေသည်။ အိန္ဒိယနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် BrahMos ခရုဇ်ဒုံးကျည်များရောင်းချရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိရာ နှစ်ဖက်စလုံးသည် ၂၀၂၃ ခုနှစ်အတွင်း အပြီးသတ်စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အနီးကပ်ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ သို့သော် ၎င်းဒုံးကျည်များကို ရုရှားနှင့်ပူးတွဲထုတ်လုပ်ထားရှိသောကြောင့် အမေရိကန်ထံမှ ပိတ်ဆို့မှုများဖြစ်ပေါ်လာနိုင်မှုအပေါ် အင်ဒိုနီးရှားအနေဖြင့် စိုးရိမ်မကင်းဖြစ်နေသည်။

အဆိုပါစိန်ခေါ်မှုများရှိနေသော်လည်း နှစ်နိုင်ငံစလုံးတွင် အနာဂတ်အိန္ဒိယ-အင်ဒိုနီးရှားဆက်ဆံရေးအပေါ် အပြုသဘောဆောင်သောအမြင်ရှိနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အိန္ဒိယနှင့်အင်ဒိုနီးရှားနိုင်ငံတို့အနေဖြင့် လက်ရှိနှစ်နိုင်ငံဆက်ဆံရေး၏ပကတိအရှိတရားနှင့် အနာဂတ်ဖြစ်နိုင်ခြေတို့ကို ထည့်သွင်းစဉ်းစားကာ ချစ်ကြည်ရင်းနှီးမှုအဆင့်မြင့် တက်လာရေးအတွက် ကဏ္ဍပေါင်းစုံတွင် အလေးထားကာ စဉ်ဆက်မပြတ်ကြိုးပမ်းမှုများ လုပ်ဆောင်သွားရမည်ဖြစ်ပေသည်။

**ကိုးကား**

- **Challenges Ahead for India-Indonesia Cooperation By The Diplomat.**

**မောင်စိန်အိ (နဘဲမြေ)**

ဝတ္ထုတိုကဏ္ဍ

# မပြယ်သော မေတ္တာ

ပိုင်ဆု(ပညာရေး)



(၁)

"အမေ့သမီးအငယ်မမိချို ဖုန်းဆက်တယ်အမေ"

"ဘာတဲ့တုံး။ သမီး သူတို့ရော အဆင်ပြေကြရဲ့လား"

''ဘာမှမဟုတ်ပါဘူး အမေရယ်။ အမေ့ကိုသူတို့အိမ်မလာတာကြာလို့ လာခေါ်မလို့တဲ့ ။သမီးလဲ ပြောလိုက်တယ်။ အမေက အသက်ကြီးနေပြီ ဟိုသွားလိုက်ဒီသွားလိုက်နဲ့ ပင်ပန်းတယ်လို့ တွေ့ချင်ရင်နင်တို့လာလို့"

သမီးကြီး ချောစု၏စကားကြောင့် ဒေါ်နွဲ့လည်း ဘာမျှပြန်မပြောတော့ဘဲ ပုတီးကိုသာ ဆက်စိပ်နေလိုက်တော့သည်။ အမှန်ပြောရမည်ဆိုလျှင် ဒေါ်နွဲ့သည် သမီးငယ်မိချိုတို့အိမ် မသွားဖြစ်သည်မှာ အတော်ကြာပြီမို့ သတိရမိနေသည်။ အသက်ခုနစ်ဆယ်ကျော်ပြီဖြစ်သည့်အတွက် သားသမီးများအိမ်တွင် တစ်လှည့်စီလှည့်နေပြီး အချိန်များကိုကုန်လွန်နေရသည်။ သားသမီးသုံးယောက်လုံးလည်း အိမ်ထောင်ကိုယ်စီဖြင့် ကလေးများပင်ရနေကြပြီဖြစ်သည်။ ချမ်းသာကြွယ်ဝသော အခြေအနေမျိုး မဟုတ်သော်လည်း အခက်အခဲမရှိ သာမန်ရပ်တည်နေနိုင်သောဘဝများမို့ တော်သေးသည်ဟုဆိုရမည်။ ခင်ပွန်းသည်မဆုံးခင်က ခင်ပွန်းသည်၏ အစိုးရလိုင်းခန်းတွင် လင်မယားနှစ်ယောက်တည်း အေးချမ်းစွာနေထိုင်ခဲ့ကြသည်။ ခင်ပွန်းသည် မရှိတော့သည့်နောက်ပိုင်း နေထိုင်ရန် အခက်အခဲရှိလာသောကြောင့် သားသမီးများအိမ်တစ်လှည့်စီနေပြီး ခင်ပွန်းသည်၏ ပင်စင်လစာကလေးဖြင့် ရပ်တည်နေခဲ့ရသည်။ သားသမီးများအိမ်နေရသည်ဆိုသော်လည်း သားမက်၊ ချွေးမတွေ ငြိုငြင်မှုမရှိစေရန်လည်း ဟိုဟာလေးဝယ်ပေးလိုက် သည်ဟာလေးဝယ်ပေးလိုက်ဖြင့် မျက်နှာလို မျက်နှာရ လုပ်ရသေးသည်။

ယခုလည်း ဒေါ်နွဲ့သည် သမီးငယ်နှင့်မြေးကလေးများကို သတိရနေမိသည်။ သမီးကြီးသည် အမေပင်ပန်းမည်စိုးသောကြောင့် မသွားစေချင်သော်လည်း နောက်တစ်ရက်၊ နှစ်ရက်လောက်နေလျှင်တော့ အကြောင်းတစ်ခုခုပြပြီး သမီးငယ်တို့ဆီသွားမည်ဟု ဆုံးဖြတ်ထားလိုက်တော့သည်။

(၂)

"ချောစု မင်း မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ အငယ်မမိချိုပေါ့။ အခုမှအမေ့ကို သူတို့အိမ်အတင်းခေါ်နေတာ"

''ဩော်... ဒါများမိန်းမရယ် ခေါ်ပါစေပေါ့။ သူတို့လဲ အမေ့ရဲ့သားသမီးတွေပဲ အမေ့ရဲ့ ဝေယျာဝစ္စတွေ တစ်လှည့်တာဝန်ယူပါစေပေါ့ကွာ။ ကိုယ်တောင်သက်သာသေးတယ်"

"ဒါတော့ ဒါပေါ့ရှင် သူတို့က အမေ့ကိုခေါ်ချင်တာကနည်းနည်း အမေ့ဆီက လက်စွပ်နှစ်ကွင်းနဲ့ ဆွဲကြိုးတစ်ကုံးကို မျက်စောင်းထိုးနေတာလေ။ သူတို့အိမ်မှာနေမှ အမေတစ်ခုခုဖြစ်ရင် သူတို့ပဲရအောင်လေ"

''အေး ဟုတ်သားပဲ။ ဒါပေမဲ့ မင်းက အမေ့အပေါ် တာဝန်အကျေဆုံးလေ။ ဒါကြောင့် အမေ့ပစ္စည်းတွေက မင်းပဲရသင့်တာပေါ့။ ဒါကြောင့် အမေ့ကို ပိုဂရုစိုက်သိလား"

''စိတ်ချပါ ယောကျ်ားရာ စိတ်မပူနဲ့"

အခန်းတွင်းမှ သမီးကြီးချောစုနှင့် သားမက်ဖြစ်သူအောင်သူရတို့၏ ပြောဆိုနေသံများကို ဒေါ်နွဲ့တစ်ယောက် အမှတ်တမဲ့ဖြတ်သွားရင်းကြားလိုက်ရသည်။ အခန်းထဲသို့ အမြန်ဝင်လိုက်ပြီး လိုက်ကာကိုစေ့ကာ အခန်းထဲမှာပင် ဒေါ်နွဲ့တစ်ယောက်အားရပါးရငိုကြွေးလိုက်တော့သည်။ သမီးဖြစ်သူများသည် မိခင်ကို ပြုစုစောင့်ရှောက်လိုသည်ထက် မိခင်၏ ရှိစုမဲ့စုအရာလေးများကို လောဘပြိုင်၍ ရယူလိုခြင်းဖြစ်ကြောင်း ဒေါ်နွဲ့သိလိုက်ရသည်။ သမီးများသည် မိခင်၏ ဘဝနေဝင်ချိန်ကို သူ့ထက်ကိုယ်ပြိုင်စောင့်ကာ လောဘလွန်ကိုအပြိုင်ဆွဲနေကြခြင်းဖြစ်၍ ပိုမိုစိတ်မကောင်းဖြစ်ခဲ့ရသည်။ ထိုစဉ်မှာပင် လေးနှစ်အရွယ်မြေးမကလေးသည် ဒေါ်နွဲ့ရှိရာ အခန်းထဲသို့ရောက်ရှိလာသည့်အတွက် မျက်ရည်များကို ကပျာကယာ အမြန်သုတ်လိုက်တော့သည်။

''မြေးလေး လာလေ ဘာဖြစ်လို့လဲ"

"သမီးဗိုက်ဆာလို့ မေမေ့ကိုသွားပြောတာ မေမေက မအားသေးဘူးတဲ့။ နင့်အဘွားကိုသွားချူးခိုင်းပြီး ကျွေးခိုင်းလိုက်ဆိုလို့ ဘွားဘွားဆီလာတာ "

''ဩော်...အေးအေး ဘွားဘွားကျွေးမှာပေါ့။ လာလာ ထမင်းသွားစားကြမယ်"

မြေးဖြစ်သူ၏ စကားများသည် ဒေါ်နွဲ့အဖို့ ရေနစ်သူဝါးကူထိုးဆိုသကဲ့သို့ နာကျင်လှသော်လည်း သမုဒယတောမှ မရုန်းထွက်နိုင်သေးသည်မို့ ပင်ပန်းခြင်းများကို မြိန်ရှက်နေရဦးမည်ပင်ဖြစ်သည်။

(၃)

ဒေါ်နွဲ့တစ်ယောက် အကြောင်းပြချက်ရှာပြီး သမီးငယ်မိချိုအိမ်သို့ ရောက်နေသည်မှာ သုံးရက်တိုင်ပြီဖြစ်သည်။ သမီးကြီးကို လေးငါးရက်လောက်ပဲကြာမည်ဟု ပြောထားခဲ့သောကြောင့် သန်ဘက်ခါလောက်တော့ပြန်ရန်စဉ်းစားထားလိုက်သည်။ သမီးငယ်ကလည်း နေစေချင်သေးသည်ဆိုသော်လည်း သူမတို့ အိမ်သည် မိသားစုပိုများသည့်အတွက် ဒေါ်နွဲ့အားနာမိသည်။ သမီးဖြစ်သူများသည် မိခင်အပေါ်မည်သို့ သဘောထားရှိပါစေ ဒေါ်နွဲ့ကတော့ မည်သို့မျှပင် အပြစ်မမြင်ဘဲ မေတ္တာမပျက်နိုင်ခဲ့ပေ။

ယခုလည်း သမီးငယ်တို့မနိုးခင် ဒေါ်နွဲ့ဈေးသွားပြီး လိုအပ်သည့် ဟင်းစားများသွားဝယ်ကာ ပြန်လာခဲ့သည်။

''ဟယ်အမေ ဈေးသွားတာလား။ အမေရယ် အစောကြီးပဲ သမီးသွားမှာပေါ့။ ဘာလို့သွားရတာလဲအမေရယ်"

ဆွဲခြင်းကိုဆွဲယူကာ စကားချီသွေးရင်း ပြောလိုက်သော သမီးငယ်မိချို၏ စကားကြောင့် ဒေါ်နွဲ့ အမောပြေခဲ့ရသည်။

''ရပါတယ် သမီးရဲ့ တစ်ခါတလေ သွားတာပဲ ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ ကလေးတွေရောသမီး"

''အမေ့မြေးသုံးယောက်လုံး အခုမှအိပ်ရာနိုးပြီး မျက်နှာသစ်နေကြတယ်။ အိပ်ရာထနောက်ကျပြီး ဗိုက်ဆာနေလို့တဲ့အမေရေ"

''ဟုတ်လား။ အမေ ကောက်ညှင်းပေါင်းတွေဝယ်လာတယ်။ ကလေးတွေကို ကျွေးလိုက်သမီး"

ဒေါ်နွဲ့ အပြောပင်နောက်ကျနေသည်။ သမီးဖြစ်သူမိချို၏လက်ထဲတွင်ကောက်ညှင်းပေါင်းထုပ်ကကိုင်ထားပြီးဖြစ်သည်။ ဒေါ်နွဲ့လည်း မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

''ဩော်...အမေ သမီးခုမှသတိရလို့။ အမေ့သားမက်ကလဲတွေ့တဲ့အတိုင်းညထဲကပြန်မလာဘူး။ သူတို့အလုပ်မှာကွန်တိန်နာဝင်လို့ အဲ့မှာပဲအိပ်ပြီး ဒီနေ့အလုပ်တန်းဆင်းရမှာ သမီးကိုလည်း အမေ့မြေးအကြီးကျောင်းက အစည်းအဝေးရှိလို့ခေါ်ထားသေးတယ်။ ဒါကြောင့် ဒီမနက်မီးဖိုချောင်တော့ အမေပဲဝင်ထားပေးပါနော်"

''အေးပါ သမီးရယ် ဘာမှစိတ်မပူနဲ့ အမေချက်ထားလိုက်မယ်"

သမီးကြီးအိမ်မှာတော့ ဒေါ်နွဲ့ ဘာမှမလုပ်ခဲ့ရသော်လည်း သမီးငယ်အိမ်မှာ ယခုလို ကိုယ့်လက်ကိုယ့်ခြေဖြင့် မီးဖိုချောင်ဝင်ရသည်ကို ဒေါ်နွဲ့ကျေနပ်မိသည်။ အသက်ကြီးလာသော်လည်း ယခုလိုလှုပ်လှုပ်ရှားရှားဖြင့် လုပ်ကိုင်နေရသည်ကို ပျော်ရွှင်နေမိသည်မှာ အမှန်ပင်ဖြစ်သည်။

(၄)

သမီးငယ်အိမ်ကနေပြန်ပြီး သမီးကြီးဆီမပြန်ခင် သားလတ်ဖြစ်သူ ပြည့်စုံဆီသို့ ခဏတဖြုတ်ဝင်ရန် ဒေါ်နွဲ့စဉ်းစားလိုက်သည်။ ထို့နောက် သားလတ်တို့နေထိုင်သည့် တောင်ဥက္ကလာဘက်ရောက်သည့် လိုင်းကားပေါ်သို့ တက်လိုက်သည်။

ဒေါ်နွဲ့သည် သမီးနှစ်ယောက်အိမ်တစ်လှည့်စီနေဖြစ်သော်လည်း သားဖြစ်သူအိမ်ကို မနေဖြစ်ပေ။ သမီးဖြစ်သူတို့သည် သူတို့အိမ်နှင့်သူတို့နေကြပြီး သားမက်များသည်လည်း သဘောထားမဆိုးကြပေ။ သူတို့၏ လောဘတွေကြောင့်သာ တစ်ဦးနှင့်တစ်ဦး သံသယဝင်နေကြခြင်းဟုသာ ဒေါ်နွဲ့သုံးသပ်မိပါသည်။ သားဖြစ်သူ၏ဇနီး ဒေါ်နွဲ့၏ချွေးမသည်လည်း သဘောထားမဆိုးလှပေ။ သို့သော် သားဖြစ်သူသည် ယောက္ခမအိမ်ကပ်နေရသည်မို့ ဒေါ်နွဲ့သိပ်မသွားခဲ့ခြင်းပင်ဖြစ်သည်။နောက်ပြီး သားဖြစ်သူသည် မိခင်ဆီမှ မည်သည့်အရာကိုမှမျှော်လင့်ထားပုံမရဟု ဒေါ်နွဲ့တွေးမိသည်။ သူ့အလုပ်နှင့်သူ သူ့ဘဝသူဖြတ်သန်းနေသူဖြစ်သည်။ မိခင်ကို မပံ့ပိုးနိုင်သော်လည်း ဒုက္ခအပူအပင်လည်းမပေးသူမို့ ဒေါ်နွဲ့စိတ်အေးရသည်။ သားဖြစ်သူအိမ်သွားလျှင် အလုပ်ရှုပ်နေမည်စိုး၍ အလုပ်လုပ်သည့် ဝပ်ရှော့ဆီသို့သာ သွား လိုက်တော့သည်။

"ဟာ အမေလာတယ်။ဝမ်းသာလိုက်တာအမေရာ လာအိမ်သွားမယ်"

''မသွားတော့ပါဘူး သားရယ်။ အမေသတိရလို့ ခဏဝင်လာတယ်။ သားညီမအိမ်ကနေ သားအစ်မတို့အိမ်ကိုပြန်မလို့လေ"

''ဟုတ်လား ဒါဆိုခဏအမေ သားသူဌေးကိုသွားပြောလိုက်အုံးမယ်။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သားအမိတွေအေးဆေးစကားပြောကြမယ်"

ထို့နောက် သားဖြစ်သူနှင့်အတူ လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့သွားကြပြီး စကားပြောဖြစ်ခဲ့ကြသည်။ အချိန်အတန်ကြာ စကားပြောဆိုပြီးသည်နှင့် ဒေါ်နွဲ့လည်း သမီးကြီးအိမ်သို့ပြန်ရန် ပြင်လိုက်တော့သည်။ ကားပေါ်ရောက်သည်နှင့် သားဖြစ်သူ၏ ပြောစကားများသည် ဒေါ်နွဲ့၏ နားထဲသို့ ပြန်လည်ကြားယောင်မိလာပြန်တော့သည်။

''အမေနဲ့တွေ့တာအတော်ပဲ။ သားအမေ့ကို ပြောစရာရှိနေတာ"

''ဘာများလဲသားရ"

''ဒီလိုပါအမေ အမေမရှိတော့တဲ့အခါကျရင် အဖေ့ရဲ့ပင်စင်လစာလေး သားဆက်ထုတ်လို့ရအောင် သားနာမည်နဲ့ပြောင်းခိုင်းထားဖို့ပါ။ တော်ကြာ အဖေ့ရဲ့ရင်းနှီးပေးဆပ်မှုတွေက ဘယ်သူမှခံစားခွင့်မရဘဲ အလဟဿ ဖြစ်ကုန်မှာစိုးလို့ပါ"

မျက်ရည်များကြားမှပင် ဒေါ်နွဲ့ပြုံးလိုက်မိသည်။ သားသမီးသုံးယောက်၏ မိခင်အပေါ် မတူညီသော သဘောထားကိုယ်စီကြောင့် ဝမ်းနည်းမိသော်လည်း အပြစ်မတင်ရက်တော့ပေ။အရာအားလုံးသည် ကံတရား၏စီမံရာအတိုင်းဖြစ်ထွန်းလာရသည်ကို ဒေါ်နွဲ့လက်ခံပါသည်။ သူတို့တွေဘယ်လိုပဲ သဘောထားကြပါစေ ဒေါ်နွဲ့ကတော့ ကျန်ရှိနေသေးတဲ့ ရှင်သန်ချိန်ကာလမှာ မပြယ်သောမေတ္တာများဖြင့် သားသမီးများအပေါ် ထာဝရစီးဆင်းနေရဦးမည် ဖြစ်ပါသည်။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံကုလားပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ခင်ဦး ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲလျာထားကေထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၄၁ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၉၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၄၁ ကေစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၉၉၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့်ကုလားပဲ တစ်ကေစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်းသိရသ ည်။

ကုလားပဲ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်တိုးတက်ထုတ်လုပ်နိုင်မည့် ဖြစ်သောကြောင့် လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ကုလားပဲကို ပိုမို စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းတုံမြို့နယ် နမ့်ချန်ကျေးရွာ၌ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

မိုင်းတုံ ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ် ( အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ချန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့်သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက နမ့်ချန်ကျေးရွာ၌ လမ်းအရှည်နှစ်မိုင်၊ အကျယ် ၁၂ပေ၊ မြေသားနှစ်ပေ၊ သဲဖြူနုန်း အမြင့်ကိုးလက်မရှိ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ အရှည်၂၂ပေ၊ အကျယ်၅ပေ၊ အမြင့် ၅ပေစီရှိ Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးပြီးခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



နမ့်ချန် ကျေးရွာ အဆိုပါ ကျေးလက် ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ ဒသမ ၆ သန်းဖြင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ပြောပြ၍ သိရသည်။

မောင်ခိုင်

# လဲချားမြို့နယ် ဝမ်စန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

လဲချား ဖေဖော်ဝါရီ ၄

လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်စန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်း ဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ထံသို့ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝမ်စန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးသူ

## ကြိုးစားမှ တိုးပွားမည်

- ဘဝမှာ တိုးပွားရေး
  ကြိုးစားမနေး တို့လူငယ်၊
  ယုံကြည်ရာ အလံမလဲ
  မာန်ဖွဲ့ယှဉ်ကွယ်၊
  ရည်မှန်းချက် ပန်းတိုင်ရယ်
  လှမ်းနိုင်တကယ် ဘယ်မဝေး၊
  လက်တစ်ကမ်းမှာ အမှန်ရှိ
  ကြံသိစေလေး။

- ဘဝကို အရှုံးမပေးဘဲ
  နှလုံးသွေးတို့ ရဲရင့်စေ၊
  အချိန်တွေကို တန်ဖိုးထား
  နိုးကြားစဉ်ပေ၊
  ဘဝခရီး ကြမ်းလည်းလေ
  စိတ်ဓာတ်တွေ မပျော့ညံ့၊
  အမှားအမှန် ဝေဖန်ခွဲလို့
  ဉာဏ်တွဲခြေဆန့်။

- ကိုယ့်ဂုဏ်အင် သင်းရန့်
  ရှင်းသန့်လို့ မွေးကြူရန်၊
  စည်းကမ်းကို အခြေခံလျက်
  ရှေ့ဆက်လမ်းမှန်၊
  ခိုင်မြဲသော စိတ်အကြံ
  အဓိဋ္ဌာန် ဆောက်တည်ရင်း၊
  ရည်ရွယ်ရာ ပန်းတိုင်လမ်းကို
  ဖြောင့်တန်းစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စလင်း ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၂သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ဦးကို ငွေကျပ် ၃၄ ဒသမ ၂ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

သန်းသန်းစိုး

# ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း သက်သေထူခွင့်

**စိန်လှိုင်ဗိုလ်**

ရောင်းချသူဆိုသူနှင့် ဝယ်ယူသူဆိုကြသူများသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အရပ်ကတိစာချုပ်ဖြင့် အရောင်းအဝယ်ပြုသည်ဆိုကြသူများ ရှိပါသည်။ အချို့ကမူ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ရောင်းကြ၊ဝယ်ကြသည်ဟုဆိုပါသည်။ နောင်တစ်ချိန်တွင် နှစ်ဖက်အငြင်းပွားကြရာ၌ အထက်ပါစာချုပ်များသည် ဟန်ဆောင်စာချုပ်များဖြစ်ကြောင်း ရောင်းသူဆိုသူ၏ဘက်မှ ခုခံချေပလာသည်များရှိပါသည်။ သက်သေခံဥပဒေပုဒ်မ-၉၂ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန်ရည်ရွယ်၍ ချုပ်ဆိုသော တကယ့်စာချုပ်များနှင့်သက်ဆိုင်ပြီး ဟန်ဆောင်စာချုပ်များနှင့် မသက်ဆိုင်ပါ။ ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့်မရှိသဖြင့် ပဋိညာဉ်မမြောက်သောကြောင့် စာချုပ်ချုပ်ဆိုသူတို့က ဟန်ဆောင်စာချုပ်မျှသာဖြစ်သည်ဟု နှုတ်သက်သေ တင်ပြနိုင်ကြောင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ လမ်းညွှန်စီရင်ထုံးတစ်ခုကိုကိုးကား၍ ထပ်မံရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၀၀/၇၇ (မရမ်းကုန်း)တွင် ဒေါ်သန်းတင်က ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာဒေါ်ခင်သီတို့အပေါ် အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်ကြောင်း၊ ၁၉၆၃ ခုနှစ် စက်တင်ဘာ ၄ ရက်၊ ရက်စွဲပါ စာချုပ်အမှတ်- ၆၃၅/၆၃သည် အပေါင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် အခြားသက်သာခွင့်များရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက **၎င်းစာချုပ်ပါအကြောင်းအရာများနှင့် ဆန့်ကျင်သက်သေထူခွင့်မရှိကြောင်း** အမိန့်ချမှတ်သောကြောင့် ဒေါ်သန်းတင်က ဗဟိုတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့ပါသည်။

လျှောက်ထားသူ ဒေါ်သန်းတင်က ၁၉၆၃ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် မိမိနှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းမှန်တို့သည် ဒေါက်တာခင်မောင်ဝင်းတို့ထံမှ ငွေကျပ် ၂၀၀၀၀ ကိုချေးယူခဲ့ပါသည်။ ဦးထွန်းမှန်နှင့် အခြားသူတို့ စပ်တူဝယ်ယူထားသည့် မြေချိန်ဧရိယာ ၅.၅၀၇ ဧကရှိသော မြေကွက်၌ ဦးထွန်းမှန်နှင့် မိမိတို့ပိုင်ဆိုင်သည့်အစုကို အပေါင်ထားပေးအပ်ခဲ့ပါသည်။

သို့ရာတွင် ဒေါက်တာခင်မောင်ဝင်း၏ မေတ္တာရပ်ခံချက်အရ ထိုမြေကွက်ကို သူ့အားရောင်းချလိုက်လေဟန် ဟန်ဆောင်စာချုပ်ကို ဦးထွန်းမှန်တို့က ချုပ်ဆိုပေးခဲ့ရကြောင်း၊ နောက်ပိုင်းတွင် ချေးငွေကျပ် ၁၅၀၀၀ နှင့် အတိုးများပေးဆပ်ခဲ့ကြောင်း၊ ဦးထွန်းမှန်ကွယ်လွန်ပြီးနောက် ၁၉၇၄ ခုနှစ် မတ်လအတွင်းတွင် ဒေါ်သန်းတင်သည် ဒေါက်တာခင်မောင်ဝင်းနှင့် တွေ့ဆုံ၍ ချေးငွေပေးဆပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ ဒေါက်တာခင်မောင်ဝင်းက အပေါင်ဆုံးသွားပြီဖြစ်၍ အရွေးမခံနိုင်တော့ကြောင်း ပြန်လည်ပြောကြားကြောင်း၊ နောက်ပိုင်းတွင် အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၌ စုံစမ်းကြည့်ရာ ဒေါက်တာခင်မောင်ဝင်းသည် မြေကွက်ကို သူ၏အမည်သို့လွှဲပြောင်းထားကြောင်း စသည်ဖြင့် အဆိုပြုကာ **အချင်းဖြစ်မြေမှာ** မိမိပိုင်ဖြစ်ကြောင်း ၁၉၆၃ ခုနှစ် စက်တင်ဘာ ၄ ရက်က **ဦးထွန်းမှန် ချုပ်ဆိုခဲ့သော စာချုပ်အမှတ် -၆၃၅ / ၆၃ မှာ အပေါင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် နှင့် အခြားသက်သာခွင့်များရလိုကြောင်း** တရားစွဲဆိုခဲ့သောအမှုဖြစ်ပါသည်။

တိုင်းတရားရုံးသည် အဆိုအချေများအရ ငြင်းချက်များထုတ်နုတ်ပြီးနောက် လျှောက်ထားသူဘက်ကိုစတင်စစ်ဆေးသည်။ ဒေါ်သန်းတင်အား စစ်ဆေးဆဲတွင် ဒေါက်တာခင်မောင်ဝင်းတို့ဘက်မှ လျှောက်ထားချက်အရ တိုင်းတရားရုံးသည် အောက်ပါငြင်းချက်ကို ဖြည့်စွက်ထုတ်နုတ်၍ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမိန့်ချမှတ်ခဲ့ပါသည်။



"တရားလိုသည် ဥပဒေနှင့်အညီချုပ်ဆို၍ မှတ်ပုံတင်ထားသည့် သက်သေခံ(ဈ)စာချုပ်ပါ အကြောင်းအရာများနှင့်ဆန့်ကျင်ပြီး သက်သေထူပိုင်ခွင့်ရှိပါသလား"တိုင်းတရားရုံးက ၎င်းစာချုပ်ပါ အကြောင်းအရာများနှင့်ဆန့်ကျင်၍ သက်သေထူခွင့်မရှိကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

လျှောက်ထားသူ ဒေါ်သန်းတင်၏အကျိုးဆောင်က သက်သေခံဥပဒေပုဒ်မ-၉၂ ၏ ပထမ၊ ဒုတိယနှင့် တတိယခြွင်းချက်များအရ ဒေါ်သန်းတင်သည် သက်သေခံ(ဈ)စာချုပ်မှာ အမှန်စင်စစ် အချင်းဖြစ်မြေအား ဒေါက်တာခင်မောင်ဝင်းထံ ပေါင်နှံခြင်းကို ဖုံးကွယ်၍ ဟန်ဆောင်ချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း သက်သေထူခွင့်ရှိပါသည်ဟု စီရင်ထုံးများကိုကိုးကား၍ လျှောက်လဲတင်ပြခဲ့သည်ကို ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

လျှောက်ထားခံရသူတို့၏ အကျိုးဆောင်ကမူ "စီရင်ထုံးများသည် ဝိဝါဒနှစ်မျိုးကွဲပြားလျက်ရှိကြောင်း၊ လျှောက်ထားသူ၏ ကိုးကားသောစီရင်ထုံးများသည် လျှောက်ထားသူက ထောက်ခံသည်မှန်သော်လည်း **ဦးမောင်ကလေးပါ ၄ နှင့် ဒေါ်စိန်နု (ခ) ဒေါ်နုမေ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများစာ-၁၃၀၉နှင့် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် နှင့် သခင်ပေါ်ညွှန့်ပါ ၅ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများစာ-၇၀၁ နှင့် ဒေါ်ကျင်ဦးနှင့် ဦးညွှန့်မောင် ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ စာ-၁** တို့သည် လျှောက်ထားခံရသူဘက်ကိုအလေးသာစေသည့်စီရင်ထုံးများဖြစ်ကြောင်း သက်သေခံဥပဒေပုဒ်မ-၉၂၏စတုတ္ထခြွင်းချက်က လျှောက်ထားသူအား သက်သေခံ(ဈ)စာချုပ်ပါ အကြောင်းအရာများကို ဆန့်ကျင်၍ သက်သေထူပိုင်ခွင့်ကိုပိတ်ပင်ထားကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြထားသည်ကို ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့ပါသည်။

သက်သေခံဥပဒေပုဒ်မ-၉၂ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့်စာချုပ်များနှင့် သက်ဆိုင်သည်။ ဟန်ဆောင်စာချုပ်မျိုးနှင့် မသက်ဆိုင်ကြောင်း၊ သက်ဆိုင်ရာကာယကံရှင်များသည် တကယ်ပင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်တစ်ရပ်ချုပ်ဆိုလျှင် သက်သေခံဥပဒေပုဒ်မ-၉၂၏ ခြွင်းချက်များတွင်ဖော်ပြထားသည့်ကိစ္စရပ်များအပ စာချုပ်ပါအချက်အလက်တို့ကိုပြင်ရန် နှုတ်သက်သေမပြနိုင်သော်လည်း **စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသောစာချုပ်မျိုးမဟုတ်ဘဲ ဟန်ဆောင်စာချုပ်ဖြစ်ပါမူ စာချုပ် ချုပ်ဆိုသူတို့သည် ဟန်ဆောင်စာချုပ်မျှသာဖြစ်ကြောင်း နှုတ်သက်သေတင်ပြနိုင်သည်** ဟု ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်သုံးသပ်ခဲ့ပါသည်။

အကြောင်းမူ ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့်မရှိသဖြင့် ပဋိညာဉ်မမြောက်ကြောင်း၊ စီရင်ထုံးများကို လေ့လာကြည့်ရာတွင် ဤဥပဒေသကိုလက်ခံကျင့်သုံးခဲ့ကြောင်း၊ လျှောက်ထားခံရသူတို့၏ အကျိုးဆောင်တင်ပြသကဲ့သို့ စီရင်ထုံးများသည် ဝိဝါဒကွဲပြားခြင်း မရှိသည်ကိုတွေ့ရကြောင်း၊ လျှောက်ထားသူကိုးကားသော စီရင်ထုံးများတွင် အချင်းဖြစ်စာချုပ်များမှာ ဟန်ဆောင်စာချုပ်များဖြစ်သဖြင့် ထိုသို့ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း နှုတ်သက်သေထူခွင့်ရှိကြောင်း၊ သက်သေခံဥပဒေပုဒ်မ-၉၂ပါ ပြဋ္ဌာန်းချက်များက ထိုသို့ နှုတ်သက်သေပြခြင်းကို ပိတ်ပင်ထားခြင်းမရှိကြောင်း စီရင်ထုံးဖွဲ့ထားသည်ကို ဗဟိုတရားရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

လျှောက်ထားခံရသူတို့၏ အကျိုးဆောင် ကိုးကားသောအမှုများတွင် အချင်းဖြစ်စာချုပ်များမှာ ဟန်ဆောင်စာချုပ်မဟုတ်ဘဲ တကယ့်စာချုပ်များဖြစ်သဖြင့် စာချုပ်ပါစည်းကမ်းချက်များကို ဆန့်ကျင်စေရန်အလို့ငှာလည်းကောင်း၊ ပြင်ဆင်ရန်အလို့ငှာလည်းကောင်း၊ ဖြည့်စွက်ရန်အလို့ငှာလည်းကောင်း၊ နုတ်ပယ်ရန်အလို့ငှာလည်းကောင်း နှုတ်သက်သေတင်ပြခွင့်မရှိကြောင်း စီရင်ထုံးဖွဲ့ထားခြင်းဖြစ်သည်ကို ပြင်ဆင်မှုရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ဤအမှုတွင် လျှောက်ထားသူဘက်မှ အချင်းဖြစ်စာချုပ်မှာ အမှန်တကယ်အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်မဟုတ်ဟုအဆိုပြု၍ ၎င်းစာချုပ်သည် အပေါင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် တရားစွဲဆိုထားသည်ဖြစ်ရာ လျှောက်ထားခံရသူတို့ဘက်မှ ကိုးကားသော စီရင်ထုံးပါအမှုဖြစ်ရပ်များနှင့်မတူဘဲ လျှောက်ထားသူဘက်မှတင်ပြသော စီရင်ထုံးများပါ အမှုများနှင့် အမှုသွား၊ အမှုလာချင်းတူနေသည်ကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူအနေဖြင့် အချင်းဖြစ်စာချုပ်သည် ဟန်ဆောင်စာချုပ်သာဖြစ်ကြောင်း၊ သက်သေထူခွင့်ရှိပေသည်ဟု ဗဟိုတရားရုံးတော်က စိစစ်ဝေဖန် ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

လျှောက်ထားခံရသူတို့၏ အကျိုးဆောင်က လျှောက်ထားသူသည် သက်သေခံ(ဈ) စာချုပ်ပါအကြောင်းအရာများနှင့်ဆန့်ကျင်၍ သက်သေထူပိုင်ခွင့်ရှိ၊ မရှိစိစစ်ရာ၌ "ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ- ၅၈(ဂ)၏ ခြွင်းချက်ကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်းဖြင့် တင်ပြလျှောက်ထားခဲ့သည်။ **ရောင်း၊ ပေါင်စာချုပ်တွင် အချင်းဖြစ်ပစ္စည်းကို ပြန်လည်ရောင်းချရန်အကြောင်းအရာကို ထည့်သွင်းချုပ်ဆိုခြင်းမပြုပါက အပေါင်အဖြစ်မှတ်ယူမည်မဟုတ်ဟု** ၎င်းခြွင်းချက်တွင် ပြဋ္ဌာန်းထားသည်။

ဤပြင်ဆင်မှုတွင် သုံးသပ်ရသည့်အချက်မှာ လျှောက်ထားသူ ဒေါ်သန်းတင်သည် သက်သေခံ(ဈ) စာချုပ်ပါအကြောင်းအရာများကို ဆန့်ကျင်၍ သက်သေထူခွင့် ရှိ၊မရှိ ဟူသောအချက်ဖြစ်သည်။ သက်သေခံစာချုပ်မှာ ရောင်း၊ ပေါင် ဟုတ်၊ မဟုတ် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၁(ဂ)တွင် အကျုံးဝင်၊ မဝင် အဆုံးအဖြတ်ပေးရန်အဆင့်သို့ မရောက်ရှိသေးကြောင်း ပြင်ဆင်မှုရုံးတော်က ထောက်ရှုဝေဖန်ခဲ့ပါသည်။

ထို့ကြောင့် ဒေါ်သန်းတင်လျှောက်ထားသည့် ပြင်ဆင်မှုကိုခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက်စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူဒေါ်သန်းတင်သည် သက်သေခံစာချုပ်ကို အကျိုးသက်ရောက်စေရန်မရည်ရွယ်ဘဲ ဟန်ဆောင်ချုပ်ဆိုခဲ့ကြောင်း နှုတ်သက်သေထူခွင့်ပြုရန် ဗဟိုတရားရုံးက တိုင်းတရားရုံးအား ညွှန်ကြားလိုက်ပါသည်။

**ဒေါ်သန်းတင် နှင့် ဒေါက်တာခင်မောင်ဝင်းပါ ၂ ဦး ၁၉၈၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှု အမှတ်-၆၁** ကို ရည်ညွှန်းကိုးကားရေးသား တင်ပြလိုက်ရပါသည်။

---

# မင်းကင်းမြို့နယ်တွင် နှမ်းစပါး ၁၅၃၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် နွေစပါး ၁၅၃၁ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် နွေစပါး ၃၅၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၅၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ နွေစပါးဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့အတွက် အသိပညာတွေပေးထားပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နွေစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိစေရေး အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နွေစပါးများကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ နွေစပါးများပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၁၄ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၃၂၀၊ ဖူးစားပြောင်း ၁၅၂၉ ဧက စုစုပေါင်း ၁၈၄၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၂၈၈ ဧက၊ ဖူးစားပြောင်း ၃၁၂၆ ဧက စုစုပေါင်း ၅၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၁၈၄၉ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် ပြောင်းသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် မကျီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မင်းဘူး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မကျီးပင်ကျေးရွာ၌ ဆဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မကျီးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၅၅ ဒသမ ၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၄၁ ဒသမ ၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄၉ ဒသမ ၉ သိန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၆ ဒသမ ၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅၃ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန်အများအပြားတင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပုစွန်အစုံပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေ တင်ပို့ရောင်းချတဲ့ ဈေးကွက်ဖြစ်ပါတယ်။ ဇန်နဝါရီလအတွင်း ပုစွန်အစုံပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေ ဝယ်ယူမှု များပြားနေတာကြောင့် အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀၊ ပုစွန်ဆိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၀၅၀၀၊ ပုစွန်ထုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀၀ မှ ၃၅၅၀၀ စသည်ဖြင့် လတ်ဆတ်မှုပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘုတ်ပြင်းမြို့နယ် အောက်လိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အောက်လိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အောက်လိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောက်လိပ်ကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၃ သန်း စုစုပေါင်း ငွေကျပ် ၁၅ ဒသမ၈ ၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အထွေး

# တောင်သာမြို့နယ် ချောင်းနားကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သည့် အိုးဘိုကျေးရွာအုပ်စု ချောင်းနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာပို၊ VDP စီမံကိန်း တာဝန်ခံနှင့်အတူ ချောင်းနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ချောင်းနားကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၅ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၁၅ သန်း အသုံးပြု၍ ဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာပိုထံမှ သိရသည်။

ချစ်ဦးကို

## အီတလီနိုင်ငံ မက်စီနာမြို့တွင် ရေဘေးသင့်ပြည်သူတချို့ကို အရေးပေါ်ကယ်ဆယ်ပေးခဲ့ရ



**ရောမ ဖေဖော်ဝါရီ ၄**

အီတလီနိုင်ငံ စစ္စလီကျွန်း မက်စီနာမြို့တွင် ဖေဖော်ဝါရီ ၂ ရက်မှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုအန္တရာယ်များသည့်အတွက် ဖေဖော်ဝါရီ ၃ ရက်တွင် ဒေသခံတချို့ကို ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရကြောင်း စစ္စလီကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက်စီနာစီရင်စုတွင် ဖေဖော်ဝါရီ ၂ ရက်က လေးနာရီကြာ မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး မိုးရေချိန်မှာ ၁၅၀ မီလီမီတာထိ မြင့်တက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းကာ ရေနုတ်မြောင်းများအတွင်း ရေအလွန်အကျွံစီးဝင်မှုကြောင့် ရေနုတ်မြောင်းစနစ်များ ပုံမှန်အတိုင်း အလုပ်မလုပ်နိုင်တော့ဘဲ ရေနုတ်မြောင်းစနစ်များ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုနှင့် အတူမြေပြိုကျမှုများ ဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ပိတ်ဆို့မှုဖြစ်ပွားကာ မော်တော်ယာဉ်များပိတ်မိနေခဲ့ပြီး ပိတ်မိနေသောမော်တော်ယာဉ်များအတွင်းမှ ပြည်သူတချို့ကို ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ထုတ်ပေးခဲ့ရသည်။

"မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေတဲ့အတွက် လမ်းပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကတော့ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ ဧရိယာတွေနဲ့ မြေပြိုကျမှုတွေ ဖြစ်ပွားနေတဲ့ ဧရိယာတွေမှာ လှည့်လည်ပြီးတော့ ပြည်သူတွေကို ကူညီပေးနေပါတယ်။ မြေပြိုကျမှုကြောင့် ပိတ်ဆို့မှုတွေဖြစ်ပေါ်နေတဲ့ လမ်းတွေကို အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ဖို့အတွက် ရှင်းလင်းရေးလုပ်ငန်းတွေလဲ ဆောင်ရွက်နေပါတယ်။ ကုမ္ပဏီတချို့ကလဲ တာဝန်ယူဆောင်ရွက်ပေးနေပြီး ရှင်းလင်းရေးလုပ်ငန်းတွေမှာ ပါဝင်လာကြပါတယ်"ဟု မက်စီနာမြို့တော်ဝန် ဖက်ဒါရီကိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အပူချိန်မြင့်တက်မှုကြောင့် အမေဇုန်သစ်တောများအတွင်း ငှက်ကောင်ရေ ကျဆင်းလာ

**ကီတို ဖေဖော်ဝါရီ ၄**

အမေဇုန်မိုးသစ်တောအတွင်း အပူချိန်မြင့်တက်မှုကြောင့် ငှက်ကောင်ရေ ကျဆင်းလာကြောင်း ဘရာဇီး၊ အီကွေဒေါနှင့် ပနားမားနိုင်ငံတို့မှ သုတေသနပညာရှင်များ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အီကွေဒေါနိုင်ငံ အမေဇုန်မိုးသစ်တောအတွင်းရှိ Taputini ဇီဝမျိုးစုံမျိုးကွဲများ လေ့လာရေးစင်တာမှ သုတေသနပညာရှင်များက ထုတ်ပြန်ခဲ့သော စစ်တမ်းတစ်ခုအရ သိရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေဇုန် မိုးသစ်တောများအတွင်း အပူချိန်မြင့်တက်လာမှုကြောင့် လူအရောက်အပေါက်နည်းသော ဝေးလံခေါင်သီသည့်နေရာများတွင်ပင် ငှက်ကောင်ရေ ကျဆင်းမှုသည် တစ်နှစ်ထက်တစ်နှစ်များပြားလာနေပြီး အချို့ငှက်မျိုးစိတ်များမှာ မျိုးသုဉ်းသွားသည့်အခြေအနေသို့ ရောက်ရှိနေသည်ဟု အဆိုပါအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

သုတေသနအဖွဲ့၏ ဆယ်စုနှစ်နှစ်စုကြာ သုတေသနပြုလုပ်ချက်များအရ အမေဇုန်မိုးသစ်တောအတွင်းရှိ ငှက်ကောင်ရေကျဆင်းမှုသည် လူတို့ဖန်တီးမှုကြောင့်ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးမှု၊ စက်မှုလုပ်ငန်းများမှ ထွက်ပေါ်လာသော အခိုးအငွေ့များကြောင့် မဟုတ်ဘဲ သစ်တောအတွင်း နှစ်စဉ် အပူချိန်မြင့်တက်လာမှုကြောင့်ဖြစ်ကြောင်း၊ ယခင်က နှစ်စဉ်ငှက်အကောင်ရေ အတိုးအလျော့ရှိသော်လည်း ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ် ဆက်တိုက်ကောင်ရေ ကျဆင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့၏ လေ့လာမှုများအရ သစ်တောအတွင်း အပူချိန်တစ်ဒီဂရီစင်တီဂရိတ် တိုးလာတိုင်း ငှက်မျိုးစိတ်များ၏ ရာခိုင်နှုန်း ၈၀ ကျော်အတွက် ရှင်သန်နှုန်းကို လျော့ကျစေလျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် ငှက်များ၏ အစာရရှိနိုင်မှုနှင့်မျိုးပွားမှုပုံစံကိုလည်း အနှောင့်အယှက်ဖြစ်စေသည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

## အာဂျင်တီးနားနိုင်ငံ ရီယိုနီဂရိုစီရင်စုတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတစ်ဦးသေဆုံးခဲ့ပြီး လူဦးရေ ၈၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၄**

အာဂျင်တီးနားနိုင်ငံ ရီယိုနီဂရိုစီရင်စုရှိ ပါတာဂိုနီယာဒေသအနီးတွင် ဖေဖော်ဝါရီ ၂ ရက်မှစ၍ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့်ဒေသခံတစ်ဦးသေဆုံးခဲ့ပြီး အန္တရာယ်ဇုန်အတွင်းမှ ဒေသခံဦးရေ ၈၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည်ဟု ရီယိုနီဂရိုစီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းနေသည့် ဧရိယာသည် ကမ္ဘာ့လှည့်ခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသည့် ဧရိယာများဖြစ်သကဲ့သို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ဧရိယာများဖြစ်ကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့်ဒေသခံများတွင် နိုင်ငံခြားသားများလည်းပါဝင်ကြောင်း ရီယိုနီဂရိုစီရင်စု အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။



"ကျွန်တော်တို့ စီရင်စုအတွက် ခက်ခဲတဲ့နေ့ရက်တွေကို ဖြတ်သန်းနေရတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၃၀၀၀ ကျော် လောင်ကျွမ်းသွားခဲ့ပြီးတော့ အနီးပတ်ဝန်းကျင်က လူနေရပ်တွေဆီ ကူးစက်လောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေတယ်။ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် လူတစ်ယောက်သေဆုံးခဲ့ပြီးတော့ အယောက် ၈၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေထဲမှာ နိုင်ငံခြားသားခရီးသည်တွေလဲ ပါဝင်နေပါတယ်။ ပြည်သူတွေဘေးကင်းဖို့ အကောင်းဆုံးကြိုးစားပေးနေပါတယ်"ဟု ရီယိုနီဂရိုစီရင်စုအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အယ်ဘာတိုက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## စကော့တလန်နိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ်သတ်မှတ်ကြောင်း Met Office က ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၄**

စကော့တလန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လာမည့် ၄၈ နာရီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ပြီး ရေဘေးအန္တရာယ်အဝါရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း ဗြိတိန်ဗဟိုမိုးလေဝသဦးစီးဌာန Met Office က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရွာသွန်းမှုသည် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုအပြင် လေတိုက်နှုန်းပါ ပြင်းထန်ကာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် လေပြင်းတိုက်ခတ်လျက်ရှိကြောင်း၊ အီအိုဝင်မုန်တိုင်း၏ နောက်ဆက်တွဲပြဿနာဖြစ်ပြီး မိုးရေချိန်မှာ တစ်နာရီလျှင် ၆၀ မီလီမီတာနှုန်းဖြင့် ရွာသွန်းလျက်ရှိကြောင်း၊ မိုးရေချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး စကော့တလန်နိုင်ငံ ဒမ်ဖရိုင်းဒေသ၊ ဂယ်လိုဝေးဒေသနှင့် လိုသီယန်ဒေသတို့တွင် အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Met Office က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"စကော့တလန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်မြင့်မားနေပြီးတော့ ဒမ်ဖရိုင်းဒေသ၊ ဂယ်လိုဝေးဒေသနဲ့ လိုသီယန်ဒေသတွေမှာ မိုးရွာသွန်းမှုနှုန်းက ၆၀ မီလီမီတာထိ ရောက်ရှိနေတယ်။ လာမဲ့ ၄၈ နာရီအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေလဲ ဖြစ်ပါတယ်။ မိုးရေချိန် ၃၀ မီလီမီတာကစပြီးတော့ မိုးရွာသွန်းနေတဲ့ နေရာအားလုံးကို ရေဘေးအန္တရာယ်အဝါရောင်အဆင့်အဖြစ် သတ်မှတ်ပါတယ်။ လာမဲ့ ၄၈ နာရီအတွင်း အန္တရာယ်ရှိတဲ့ မိုးရွာသွန်းမှုနဲ့ အဓိကရင်ဆိုင်ရနိုင်တဲ့ဒေသကတော့ ဒမ်ဖရိုင်းနဲ့ ဂယ်လိုဝေးဒေသတို့ပဲ ဖြစ်ပါတယ်"ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြည်နယ်နှစ်ခုရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၄**

မလေးရှား ကျန်းမာရေးဝန်ကြီးဌာနသည် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော ဆာဘာ့ချ်နှင့် ဆာရာဝပ်ခ်ပြည်နယ်တို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါပြည်နယ်နှစ်ခုရှိ ကယ်ဆယ်ရေးစခန်းများတွင် ယာယီခိုလှုံနေသူ ပြည်သူ ၉၃၇၉ ဦးကို စမ်းသပ်ကုသမှုများ ဆောင်ရွက်ခဲ့ရာ ကူးစက်နိုင်သောရောဂါများအဖြစ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးဝင်မှု ၆၇၁ ခု၊ အရေပြားရောဂါပိုးဝင်မှု ၈၂ ခု၊ အူလမ်းကြောင်းရောင်ရောဂါ ၃၇ ခု၊ မျက်စိနာခြင်း ၁၇ ခု၊ လက်ခြေပါးစပ်ရောဂါ တစ်ခုတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဝက်သက်၊ တွိုင်ဖွိုက်နှင့် လက်ပ်တိုစပီရိုးစစ် ကဲ့သို့သော ရောဂါများမတွေ့ရှိရဘဲ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများဆောင်ရွက်ပေးရန် မိသားစုဆရာဝန်များ၊ ဆေးဝန်ထမ်းများ၊ စိတ်ပညာရှင်များ၊ သူနာပြုများနှင့် အခြားဌာနမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော အဖွဲ့သုံးဖွဲ့ဖြင့် စေလွှတ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆာရာဝပ်ခ်ပြည်နယ်တွင် ရေဘေးဒဏ်သင့်ခဲ့သော ကျန်းမာရေးဌာန ၃၀ အနက် ၂၂ ခုနှင့် ဆာဘာ့ချ်ရှိ ၂၇ ခုလုံးတို့ကို ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဆာရာဝပ်ခ်ပြည်နယ်မှ ဆေးအဖွဲ့ ၃၇ ဖွဲ့နှင့် ကျန်းမာရေးအဖွဲ့ ၃၀၊ ဆာဘာ့ချ်ပြည်နယ်တွင် ဆေးအဖွဲ့ ၁၆ ဖွဲ့နှင့် ကျန်းမာရေးအဖွဲ့ ၂၇ ဖွဲ့ကို ကယ်ဆယ်ရေးစခန်းများသို့ စေလွှတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ရဲမြတ်တင်၏ ဆီမုဆိုး ဝတ္ထုတိုကို လေ့လာခြင်း

## ပုသိမ်အောင်သန်းဦး

ရေမုဆိုးများက ရေထဲမှ ငါး၊ ပုစွန်စသော သတ္တဝါများကို ပိုက်များဖြင့်ဖမ်းဆီးသော အလုပ်ကိုလုပ်ကြ၏။ ဆီမုဆိုးများကလည်း ဆီကြောများကို လိုက်လံ၍ ရှာဖွေကာ ထောင်းပိုက်၊ ကြိုးခွေတို့ဖြင့် ရေနံများကို တူးဖော်သည့် အလုပ်ကို လုပ်ကြသည်။

မြစ်၊ ချောင်းများတွင် ငါးများကို ရှာဖွေကြသော တံငါများက မြစ်၏သဘာဝ၊ ချောင်း၏အနေအထားများကိုကြည့်ကာ ငါးများ၏သဘာဝကို သိရှိကြလေသည်။ ပင်လယ်မုဆိုးများကလည်း ပင်လယ်အတွင်းကျက်စားကြကုန်သော သတ္တဝါတို့၏ သဘာဝအခြေအနေကို နားလည်သဘောပေါက်ကြသည်။

ထို့နည်းတူ ဆီမုဆိုး များကလည်း ရေနံထွက်ရှိရာ ဆီကြောမျာကိုနားလည်သဘောပေါက်ကာ ရှာဖွေတူးဖော်ကြလေသည်။ ရွှေမည်းဟူသောရေနံ၊ ဆရာမောင်သာရ၏စကားနှင့်ဆိုရပါသော်"အသားနက်မ" ဟူသောရေနံသည် ရတနာတစ်ပါးလည်းဖြစ်သည်။ ထို့ကြောင့် ရတနာတို့၏ ပင်ကိုယ်ထုံးစံအတိုင်း လွယ်လွယ်နှင့် ရှာဖွေရယူနိုင်သည့်သဘောမရှိပေ။ ရှာဖွေရန်ခက်ခဲသော သဘောမျိုးဖြစ်သည်။

စာရေးဆရာ ရဲမြတ်တင်သည် မင်းဘူးမြို့နယ် ရေနံမြေအတွင်းရှိ ရေနံမှော်များတွင် နှစ်ပေါင်းများစွာ နေထိုင်လုပ်ကိုင်ခဲ့ရာမှ ဤဆီမုဆိုးဝတ္ထုတိုကို ရေးသားခဲ့ခြင်းဖြစ်သည်။ ဆီမုဆိုးဝတ္ထုတိုတွင် ရောင်ခြည်ဦးကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်သည့် ဦးကျော်ဝင်းက သူတို့ကုမ္ပဏီ ရေနံလုပ်ကိုင်ခွင့်ရရှိထားသည့် မြေကွက်ရာအတွင်း ပါဝင်သည်။ ရွာပင်ရင်းကျေးရွာအပါအဝင် ကျည်တောက်ကုန်း၊ လက်ဆည်ကန်၊ မန်းကျည်းတန်းနှင့် ရေပေါ်ကလေး စသည့် ကျေးရွာများလည်းပါဝင်နေကြောင်း မြေပုံကို ပြပြီးရှင်းပါသည်။ ထို့ကြောင့် သူတို့ကုမ္ပဏီက ရေနံရှိမည်ဟုထင်သော နေရာများကို အစမ်းတွင်းများတူးဖော်ပြီး ရှာဖွေမည်ဖြစ်ကြောင်း၊ ရွာသားများကိုလည်း ရှာဖွေခွင့်ပြုမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှန်တကယ် ရေနံရှာဖွေတူးဖော်မည်ဆိုသည့် ပုဂ္ဂိုလ်များ၊ အုပ်စုများက ကုမ္ပဏီတွင်စာရင်းလာရောက်ပေးရန်နှင့်သူတို့ကုမ္ပဏီက ထောင်းပိုက်၊ ကြိုးခွေနှင့် လိုအပ်သောပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ဆီကြောတွေ့အောင် ရှာဖွေတူးဖော်ပေးနိုင်သူကို ကုမ္ပဏီက သိန်းငါးဆယ် ဆုငွေအဖြစ်ချီးမြှင့်မည်ဖြစ်ကြောင်း ရှင်းပြလေသည်။

ရွာသားတချို့က မရှင်းသည်များကို ပြန်လည်မေးကြသည်။ "ကျင်းပေါက်တဲ့သူကို သိန်းငါးဆယ် ပေးမယ်ဆိုတော့ တစ်ပြိုင်ထဲ ကျင်းနှစ်ကျင်းပေါက်ရင်ကော နှစ်ဦးစလုံးကိုဆုပေးမှာလား"ဟုမေးမြန်းသည်။ "ပေးပါ့မယ်...ပေးပါ့မယ်၊ နှစ်ကျင်းမဟုတ်ပါဘူး၊ တကယ်ဆီပေါက်ခဲ့ရင်သုံးကျင်း၊ လေးကျင်း တစ်ပြိုင်ထဲပေါက်ပါစေ၊ ကျွန်တော်တို့ဆုပေးသွားမှာပါ၊ ဒါကြောင့် အခုချိန်ကစပြီး ကြိုးစားရှာဖွေကြဖို့ မေတ္တာရပ်ခံပါတယ်"ဟု ကုမ္ပဏီ၏ကိုယ်စားလှယ်က ဆိုလေသည်။

အစည်းအဝေးကြီးပြီးသွားတော့ ရွာသားတချို့ထံမှ အသံတွေထွက်လာသည်။ "သူတို့ကုမ္ပဏီက ကျုပ်တို့ရွာသားတွေကို သက်သက်အသုံးချဖို့ကြံတာဗျ၊ ကျုပ်တို့က အမဲလိုက်ခွေးတွေလို ဆီကြောကိုတွေ့အောင်လိုက်ရှာ၊ တွေ့ပြီဆိုရင် သူတို့က အညွှန့်ကိုခူးစားတဲ့သဘောပါဗျာ..."ဟုဆိုသည်။ တစ်ဦးက.."ဆီကြောတွေ့ဖို့ဆိုတာ လွယ်တဲ့ကိစ္စလား၊ သူတို့က ကျုပ်တို့လိုက်ရှာတာကို အသာလေးထိုင်ကြည့်နေ၊ ဆီပေါက်ပြီဆိုတော့မှ သူတို့ သတ်မှတ်ပေးတဲ့ဈေးနဲ့ဖြတ်ပြီးဝယ်မယ်၊ ဘယ်လောက် ပိုင်သလဲ..." ဟု ဆိုသူကဆိုသည်။

ဤတွင် ကျေးရွာမူလတန်းလွန်ကျောင်းမှ ဆရာလေးကိုမြင့်ထူးက ဝင်ပြောသည်။ "တစ်ခုတော့ရှိပါတယ်ဗျာ၊ ရေနံဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးဆုံးလိုအပ်နေတဲ့ စွမ်းအင်လောင်စာပဲလေ၊ ကျွန်တော်တို့တူးလို့ထွက်လာမဲ့ဆီက ကိုယ့်ပြည်တွင်းမှာပဲ ပြန်သုံးမှာဆိုတော့ နိုင်ငံခြားကမဝယ်ရဘူးပေ့ါဗျာ၊ ဆီတကယ်ထွက်ခဲ့လို့ကတော့ ဘယ်သူ့အတွက်မှ အကျိုးမယုတ်နိုင်ပါဘူး၊ ခင်ဗျားတို့ပြောသလို သူတို့က ဆီကို မတရားခေါင်းပုံဖြတ်ပြီးဝယ်မယ်ဆိုတာလည်း မဖြစ်နိုင်ပါဘူး၊ သူတို့ကဈေးနှိမ်ပါပြီတဲ့၊ ကျွန်တော်တို့က တညီတညွတ်ထဲ မရောင်းဘဲထားလိုက်မယ်ဗျာ၊

**❖ ကိုသာရင်က သူဝှက်ထားသောပုံးများကို လှည်းပေါ်တင်ကာ မြက်ခြောက်များနှင့်ဖုံးပြီး သယ်သွားလေသည်။ နောက်တစ်နေ့ မြင့်ဇော်တို့ညီအစ်ကိုသည် ကိုသာရင်ကြီး၏ယာတဲသို့ စောစောသွားကာ ကိုသာရင်၏လှုပ်ရှားမှုကို ချောင်းမြောင်းကြည့်ရှုရာမှ ယာတဲနှင့် မနီးမဝေးရှိ ကန္တာရဆူးပင်များဝိုင်းပတ်နေသော နေရာတွင် ရေနံများခပ်ယူနေသော ကိုသာရင်ကြီးကို တွေ့ရသည်။ ကိုသာရင်ကြီးကလည်း သူတို့ကိုမြင်သည်။ သူတို့တွေအပေးအယူ လုပ်ကြသည်။ နောက်တစ်နေ့တွင်ကား ကိုသာရင်ကြီး တဲရှေ့၌ လူတွေတရုန်းရုန်းဖြစ်နေသည်။ ❖**

ဘာတတ်နိုင်မှာလဲ.."

နောက်ဆုံး ရွာသားအားလုံး ဆရာလေးစကားကို သဘောပေါက်ကာ ရေနံကြော၊ ဆီကြောရှာဖွေရန် အားထုတ်လေတော့သည်။ ရေမုဆိုးများက ရာသီဥတု၊ ရေတက်ရေကျ၊ ငါးများ၏ လှုပ်ရှားပေါက်ပွားမှု၊ ရွှေ့လျားသွားလာကြမှု အခြေအနေများကိုသိရှိကြသည်။ ကျွမ်းကျင်ကြသည်။ ထို့ကြောင့်မည်သည့် ရာသီ၊ မည်သည့်အချိန်မျိုးတွင် မည်သည့်ငါးတွေ မည်သည့်နေရာများတွင် လှုပ်ရှားသွားလာနေကြသည်ကို အတွေ့အကြုံအရသိကြသည်။ ဆီမုဆိုးများကားဤသို့မဟုတ် ကုမ္ပဏီကပင် ဆီကြောတွေ့ရှိသူကိုဆုပေးကာ ရှာဖွေတူးဖော်စေသည့် အနေအထားမျိုးဖြစ်သည်။

ဆီမုဆိုးဝတ္ထုတွင် ဇော်ရှင်းနှင့် ငဝင်းတို့က မြတ်ရိတ်ရန်အသွားလမ်းတွင် မြင့်ဇော်၊ သိန်းဇော်တို့ ညီအစ်ကိုနဲ့ဆုံတွေ့ကြသည်။ "ဘယ်လိုလဲ မြင့်ဇော်၊ မင်းတို့ဘယ်တော့လုပ်ငန်းစမလဲ၊ ငါတို့တော့ သဘက်ခါစမှာပဲ၊ လုပ်ငန်းသုံးပစ္စည်းတွေလည်း ကုမ္ပဏီက ထုတ်ပြီးပြီ..."

"တို့တော့တော်တော်နဲ့ စနိုင်ဦးမယ်မထင်ပါဘူး ကွာ၊ နွားစာရိတ်ဖို့ကလုံးဝမလုပ်ရသေးဘူး၊ အိမ်မိုးတွင်းစာဆန်တင်ဖို့လည်းရှိသေးတယ်.."

"ဟေ့ကောင်...တစ်လောက မင်းတို့ပြောတာကြားလိုက်ပါတယ်၊ ကုတင်မြောင်ရိုးချောင်းကမ်းပါးမှာ ဆီတွေ အလိုလိုစိမ့်ထွက်နေတာတွေတယ်ဆိုတာလေ၊ ဘယ်နေရာလဲကွ..."

"အလကားပြောတာပါကွာ၊ ငါလည်းစောစောက ဆီတွေလို့ထင်လိုက်တာပဲ၊ နောက်တော့မှနွားချေးခြောက်တွေအရည်ပျော်လို့ နီညိုညိုဖြစ်နေမှန်း သိရတယ်.."

ဤသို့ပြောပြီး မြင့်ဇော်တို့ညီအစ်ကိုထွက်သွားသည်။ "ဒီကောင်တွေ တို့ကိုမသိစေချင်လို့ညာသွားတာ ဖြစ်မယ်ကွ၊ သူတို့ခြေလှမ်းကို တို့စောင့်ကြည့်ဖို့လိုတယ်၊ သူတို့ကျင်းဖောက်ပြီးတာနဲ့ တို့လည်းအတင်းဝင်ပြီး ကပ်ဖောက်ရမှာပဲ၊ ဒါမှ ဘောက်ဆူးကို သူတို့လည်းရ၊ တို့လည်းရပေ့ါ.."

ဇော်ရှင်းနှင့် ငဝင်းတို့က မြင့်ဇော်တို့ညီအစ်ကိုကို ခြေရာခံလိုက်ချောင်းကြသည်။

တစ်နေ့ မြင့်ဇော်က သူ့ညီသိန်းဇော်ကို ကုတင်မြောင်ရိုးထဲက ချောက်ကမ်းပါးကို ခေါ်ပြသည်။ ဆီစများကိုတွေ့၏။ သူတို့တွေ ချောက်ကမ်းပါးတစ်နေရာတွင် ဆီကြောရှာရန် မှတ်သာပြီးအပြန်တွင် မြင့်ဇော်က ...

"ထန်းတစ်ပင်မှော်မှာတူးခဲ့တုန်းကလို ကျစ်ပြာ၊ ကျစ်ဝါမြေတွေဖြစ်ဟန်မတူဘူး၊ သဲကြောသက်သက်ဖြစ်နိုင်တယ်၊ သဲကြောသက်သက်မှာ ကျင်းပေါက်လို့ကတော့ နှစ်ပတ်လည်အောင် ဆီခပ်ပေရော့ပဲ..." ညီအစ်ကိုနှစ်ယောက် ပြုံးကာ၊ ရယ်ကာ ပြန်လာကြသည်။

"အစ်ကိုရ၊ ခုဆိုရွာထဲမှာ ကုမ္ပဏီအားကိုးနဲ့ အရပ်ရှစ်မျက်နှာလှည့်ပြီး ဆီရှာနေတဲ့ကောင်တွေချည်းပဲ။ ဆီမုဆိုးတွေချည်းပဲ၊ ကုမ္ပဏီအားကိုးနဲ့ အစမ်းတွင်းတူးနေကြတာ ဆယ်ဆိုင်းလောက်တောင်ရှိပြီတဲ့..."

ချောင်းခြောက်တစ်ခုနားရောက်တော့ မြင့်ဇော် ဗိုက်ထဲကရစ်တစ်တစ်ဖြစ်လာသည်။ ကျင်ကြီးစွန့်ချင်လာသည်။

"သိန်းဇော် မင်းရှေ့ကသွားနှင့်၊ ငါတောဝင်လိုက်ဦးမယ်..."

မြင့်ဇော်ချောင်းအတွင်း ခုန်ဆင်းသွားသည်။ မကြာမီမြင့်ဇော်ထံမှ ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

"ဟေ့ကောင်...သိန်းဇော်..ဒီကိုအမြန်လာစမ်း" သိန်းဇော်က ချောင်းချောက်ထဲခုန်ဆင်းလိုက်ပြီး မြင်ကွင်း၌ ငါးဂါလံဝင် အဝါရောင်ပလပ်စတစ်ပုံးရှစ်ပုံးကိုတွေ့လိုက်ရသည်။ ရေနံစိမ်းနံ့တထောင်းထောင်းထနေသည်။

"ဒီရေနံစိမ်းပုံးတွေကို မြက်ခြောက်တွေနဲ့ဖုံးထားတာကွ၊ တစ်ယောက်ယောက်လာဝှက်ထားတာ ဖြစ်မယ်၊ တို့တွေစောင့်ကြည့်ကြရအောင်..."

ဤသို့ဖြင့် တရားခံကိုစောင့်ဖမ်းရာ သူတို့ရွာမှ လူပျိုကြီးကိုသာရင် ဖြစ်နေသည်။ ကိုသာရင်က ရွာထဲမှာမနေ၊ သူ့ယာတဲမှာသူ့တူတစ်ယောက်နှင့် နေသည်။ မကြာမီ ကိုသာရင်က သူဝှက်ထားသော ပုံးများကို လှည်းပေါ်တင်ကာ မြက်ခြောက်များနှင့် ဖုံးပြီးသယ်သွားလေသည်။

နောက်တစ်နေ့ မြင့်ဇော်တို့ညီအစ်ကိုသည် ကိုသာရင်ကြီး၏ယာတဲသို့ စောစောသွားကာ ကိုသာရင်၏လှုပ်ရှားမှုကို ချောင်းမြောင်းကြည့်ရှုရာမှ ယာတဲနှင့်မနီးမဝေးရှိ ကန္တာရဆူးပင်များ ဝိုင်းပတ်နေသောနေရာတွင် ရေနံများခပ်ယူနေသော ကိုသာရင်ကြီးကိုတွေ့ရသည်။ ကိုသာရင်ကြီးက လည်းသူတို့ကိုမြင်သည်။ သူတို့တွေအပေးအယူလုပ်ကြသည်။ နောက်တစ်နေ့တွင်ကား ကိုသာရင်ကြီး တဲရှေ့၌ လူတွေတရုန်းရုန်းဖြစ်နေသည်။ ကျေးရွာလူကြီးများ၊ ရောင်ခြည်ဦးကုမ္ပဏီမှဦးကျော်ဝင်းနှင့် သူ့လူများ၊ ကျောင်းဆရာကိုမြင့်ထူးအပါအဝင် ရွာထဲမှ လူငယ်များ...။

"ဟေ့ကောင်တွေ မင်းတို့သစ္စာဖောက်လို့ ဒီလို ဖြစ်ရတာကွ၊ မင်းတို့ကိုအသေသတ်မယ်.."

ကိုသာရင်ကြီးက မြင့်ဇော်တို့ညီအစ်ကို ကိုကြိမ်းသည်။ မြင့်ဇော်တို့က သူတို့မည်သူ့ကိုမျှမပြောပြကြောင်းသစ္စာဆို၏။ ဇော်ရှင်းက မျက်နှာပျက်နေ၏။ ကိုကျော်ဝင်းက မျက်စိမှတ်ပြ၏။ ရွာလူကြီးဦးမြက ဤသို့ပြောသည်။

"ဖိုးသာရင်... မင်းကျေနပ်အောင်တို့က ဘာမဆို လုပ်ပေးဖို့အသင့်ပါ၊ ဒီကိစ္စတို့ရွာအတွက် အများကြီး အကျိုးရှိပါတယ်ဗျာ၊ ကုသိုလ်ရပါတယ်..."

"စိတ်ချကိုသာရင် ခင်ဗျားအမေရဲ့မြေပုံပေါ်မှာ ကုမ္ပဏီက ဂူတည်ပေးပြီး စောင့်ရှောက်ပေးပါ့မယ်၊ ဘယ်သူမှ မဖျက်ဆီးစေရပါဘူး၊ ကျန်တဲ့ခင်ဗျား ယာမြေကိုတော့ ကျင်းတစ်ပေါက်ဘယ်လောက်ဆိုပြီး ခင်ဗျာ့သဘောအတိုင်း ပိုက်ဆံလိုက်ကောက် ပေတော့..."

ကုမ္ပဏီကိုယ်စားလှယ်ကိုကျော်ဝင်းပြောအပြီး ဆရာကိုမြင့်ထူးကဝင်ပြော၏။

"ခင်ဗျားအမေက မျက်မမြင်ဒုက္ခိတဘဝနဲ့ ကွယ်လွန်ခဲ့တယ်နော်၊ ရေနံဆိုတာ လူတကာကို အလင်းရောင်ပေးတဲ့အရာပဲဗျာ၊ ဒီရေနံကိုပေးလှူရခြင်းဖြင့် ခင်ဗျားမိခင်ကြီးရောက်ရာဘဝမှာ အမှောင်ကျနေတဲ့မျက်စိနှစ်ကွင်း အလင်းရောင်ရပါစေလို့ ရည်မှန်းပြီးသားဖြစ်သွားရောပေ့ါဗျာ"

"အေးပေ့ါဗျာ၊ ခုမှတော့ ဘာတတ်နိုင်ဦးမှာလဲ.." ဟု ကိုသာရင်ကြီးကဆိုသည်။ ဤသို့ဖြင့် မကြာမီ... ကိုသာရင်ယာခင်းထဲတွင် ကျင်းထောင်းသူများ၏ ရောင်စုံမိုးကာတဲများ မှိုလိုပေါက်လာသည်ကို တွေ့ကြရလေသည်။ မှော်မှထွက်သော ဆီကိုဝယ်ယူနိုင်ရေးအတွက် ဦးကျော်ဝင်းနှင့် ရောင်ခြည်ဦးအဖွဲ့သားများက အလုပ်ရှုပ်နေကြသလို ယာပိုင်ကိုသာရင်ကိုလည်း ကျင်းထောင်းသူများကြား၌ ပြုံးပြုံး.. ပြုံးပြုံးနှင့် ကျင်းပေါက်ခငွေလိုက်ကောက်နေသည်ကိုတွေ့ကြရလေသတည်း။

ဆီမုဆိုးဝတ္ထုတိုများသည် ၂၀၁၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေစာပေဆုရ ဝတ္ထုတိုပေါင်းချုပ်ဖြစ်ပြီး ၂၀၁၁ခုနှစ်တွင် အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ်ဆု ထပ်မံရရှိခဲ့ပါသည်။

**ရည်ညွှန်း**

**– ရဲမြတ်တင်၏ ဆီမုဆိုးဝတ္ထုတိုပေါင်းချုပ် (စာပေဗိမာန်ထုတ်)**

# ငရုတ်ကောင်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ဒေသများတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့ရှိ ဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ၁၀၇၃ ဧကကို စိုက်ပျိုးရန် လျာထားပြီး၂၀၂၄ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၁၀၇၃ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် အတွက် စိုက်ပျိုးရေးဦးစီးဌာန နှင့်ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံ ၁၀၇၃ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဌာနက လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ဆောင်ရွက်ပေး ခဲ့ပါတယ်။ ပဲမျိုးစုံ အပါအဝင် ဆောင်းသီးနှံတွေလျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဌာနဆိုင်ရာများနဲ့ ဒေသခံ တောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ပဲမျိုးစုံ ၁၀၇၃ ဧက မှာ ဗိုလ်ကိတ်ပဲကို အဓိက စိုက်ပျိုးမှာ ဖြစ်ပါတယ်။ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ အတွက်လဲ ပံ့ပိုးဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့ရှိ ဒေသများတွင် ပဲမျိုးစုံ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲမျိုးစုံကို ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် ဂွေးပင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိတ်ဖြူ ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိတ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂွေးပင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ဆိတ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဂွေးပင်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လစဉ်ပေးပို့ရသည့်စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆောင်ရွက်မှာကြားသည်။

ဆိတ်ဖြူမြို့နယ် ဂွေးပင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၅၃ သိန်း ထုတ်ချေးပေးထားကြောင်း ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာထံမှ သိရသည်။

**ကိုညို**


## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါလာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄




**CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်၊**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

**အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .**



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မဟုဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်၊ အကွက်(၃၈၆)နေ ဦးဝင်းမြိုင် + ဒေါ်ဆွေတို့၏သား မောင်ကျော်စွာဝင်း(၉/မဟာမ(နိုင်)၀၆၈၅၂၁)သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမြိုင်(၉/မနတ(နိုင်)၀၃၅၂၀၂)
ဒေါ်ဆွေ(၉/မလန(နိုင်)၁၀၃၅၄၂)

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော ဦးအေးမင်းစိုး၏သား မောင်ထက်မြတ်ရဲရင့်မင်းအမည်အား မောင်ထက်မြတ်မင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထက်မြတ်မင်း

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



❖ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုင်ရာရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၁ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်



မန္တလေး ဖေဖော်ဝါရီ ၄

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၁ ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားများအောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ အလေးပြုခြင်းအခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများအနေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် စာမျက်နှာ ၂၀ ကော်လံ ၁ ☆



**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ- ၂၁

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၆၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ